ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (15-2-2004) (၄၁၄၇)

ဓမ္မစရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့် ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး Mr. Jean Maric Sakhouri အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့်ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့်ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး Mr. Jean Maric Sakhouri အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့်ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူးနှင့်အတူ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ် Mr. Rajiv Kapur လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်သော ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း)ကို ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်။

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်ထောင်စုနေ့အဓိဋ္ဌာန်

"ခိုင်မြဲသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ တိုင်းရင်းသားအားလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်အညီ အားသွန်ခွန်စိုက် ချီတက်ကြပါစို့"

(မြန်မာ့သမိုင်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာသည့်အချိန်များ၌ နိုင်ငံတော်၏ အင်အားအတောင့်တင်းဆုံးဖြစ်ခဲ့သည်ကို ပထမ မြန်မာနိုင်ငံတော်၊ ဒုတိယ မြန်မာနိုင်ငံတော်၊ တတိယ မြန်မာနိုင်ငံတော်တို့က သက်သေပြလျက်ရှိသည်။)



နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်

၁၅-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ပြီး ဒေသ၏ စီးပွားရေးအခြေအနေများ ပိုမိုတိုးတက် ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများသည်လည်း တစ်ပြိုင်တည်း တိုးတက်မြင့်မားလာနိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်နယ်၊ တိုင်းနယ်မြေဒေသများအလိုက် ရေကြော၊ မြေကြောဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး အစီအမံများကို စနစ်တကျ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၌သာ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံ၏အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မော်တော်ကားလမ်း၊ ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ လမ်းသစ်များ ဖောက်လုပ်ခြင်းနှင့်အတူ လိုအပ်သည့် နေရာတိုင်းတွင် မြစ်ကူးတံတားကြီး၊ တံတားငယ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်း တံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့က အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပြီး တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မိုးကောင်းတံတားသည် ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်ကောင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး တံတားအရှည် ၉၄၅ ပေရှိသည်။ ယခုအခါ ကချင်ပြည်နယ်တွင် အခြားပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ် သွားလာနိုင်သည့် ရွှေဘို–မြစ်ကြီးနား ကားလမ်းအပြင် မန္တလေး–တကောင်း–ရွှေကူ–ဗန်းမော်–မြစ်ကြီးနား ကားလမ်းများ ဖြစ်ပေါ်နေပြီဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး၌ ယခင်ကထက် ပိုမိုလွယ်ကူ ကောင်းမွန်လျက်ရှိသည်။

ကချင်ပြည်နယ်၌ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသည့်အပြင် အခြားကဏ္ဍများ၌လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ မြစ်ကြီးနားမြို့နှင့် အချက်အချာကျသော ဒေသများဖြစ်သည့် ဗန်းမော်မြို့နှင့် မိုးညှင်းမြို့တို့၌ တက္ကသိုလ်နှင့် ကောလိပ်များကို တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍတွင် ပြည်နယ်အတွင်း ခုတင် ၃၀၀ဆံ့ ဆေးရုံ တစ်ရုံ၊ ခုတင် ၂၀၀ဆံ့ ခရိုင်ဆေးရုံတစ်ရုံ၊ ခုတင် ၁၀၀ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် ၅၀ဆံ့ ဆေးရုံငါးရုံ၊ ၂၅ခုတင်ဆံ့ ဆေးရုံသုံးရုံ၊ ၂၅ခုတင်ဆံ့ မူးယစ်ဆေးဝါးစွဲရောဂါကု ဆေးရုံတစ်ရုံနှင့် ၁၆ခုတင်ဆံ့ ဆေးရုံ ၃၀တို့ကိုဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ပြည်နယ်အတွင်း စိုက်ပျိုးရေးအခြေအနေကိုကြည့်လျှင် ယခင်က အသားတင် စိုက်ပျိုးမြေဧက ၃၆၀၀၀၀ခန့်ရှိရာမှ ယခုအခါ ဧက ၅၆၀၀၀၀ကျော်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်ကြောင်းတွေ့ရသည်။ ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ ကချင်ပြည်နယ် တစ်ခုလုံးအနေဖြင့် ၁၉၉၈–၉၉ ခုနှစ်တွင် ဆန်စပါး စတင် ဖူလုံစပြုလာပြီး ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ၁၁၂ရာခိုင်နှုန်းအထိ ဝမ်းစာစပါးဖူလုံမှု ရာခိုင်နှုန်း မြင့်တက်လာကြောင်းသိရသည်။

ကချင်ပြည်နယ်အတွင်း ယခုကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအလိုက် တိုးတက်အောင်မြင်မှုများ ရရှိလာခြင်းမှာ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရရှိပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နိုင်ကြ၍ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက စီးပွားရေး၊ လူမှုရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ဆန္ဒတူပြီ

* ဘေးပြောမယုံ၊ သွေးချင်းဆုံ၍
ယုံကြည်ချက်များ၊ သစ္စာထားကာ
တစ်သားတစ်သွေး၊ ငြိမ်းချမ်းရေးတွက်
အောင်ပွဲဆက်ခဲ့၊ မပျက်ညီညာ
တို့ပြည်သာရန်၊ ခိုင်မာဥပဒေ
ပေါ်ထွန်းစေဖို့၊
အဖြေမှန်ကန် ညီလာခံမည်
နက်ဖြန်ခရီး ဆက်ကြစို့။

* မြန်မာ့ခရီး၊ မြန်မာ့နည်းဖြင့်
စည်းလုံးဖော်ညွှန်း၊ ခေတ်ပေါ်ထွန်းရန်
မော်ကွန်းစိုက်ထူ၊ ဆန္ဒတူပြီ
ဘယ်သူဖျက်ဖျက် တို့မပျက်
ဘယ်သူနှောက်နှောက် တို့မဖောက်
ဘယ်သူခြောက်ခြောက် တို့မကြောက်။

နှင်းမောင် (ဗိုးကုန်း)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

အီရတ်စစ်ပွဲ တရားမျှတမှုရှိပုံကို ထင်ဟပ်သည့် အထောက်အထားများ ဘုရှ် မတင်ပြနိုင်ခဲ့

အီရတ်နိုင်ငံသည် ကမ္ဘာ့လုံခြုံရေးကို ထိပါး နှောင့်ယှက်နေခြင်းကြောင့် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွား အလို့ငှာ ယင်းနိုင်ငံကို စစ်ရေးအရ အရေးယူရသည်ဟု သမ္မတဘုရှ်က ဖေဖော်ဝါရီ ၁၁ ရက်တွင် အောက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ရှေ့မှောက်၌ ပြောကြားခဲ့သော်လည်း အီရတ်စစ်ပွဲ တရားမျှတမှုရှိပုံကို ထင်ဟပ်သည့် အထောက် အထားများကိုမူ ၎င်းက တင်ပြနိုင်ခြင်း မရှိခဲ့ပေ။

ဖေဖော်ဝါရီ ၁၃ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့မှ ထွက်ခွာလာသည့် အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းကို အီရတ်-ကူဝိတ်နယ်စပ်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ဗုံးပေါက်ကွဲရာနေရာ၌ စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

ဖေဖော်ဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



စောင့်ရှောက်လိုက်ပါ

ဖေဖော်ဝါရီ ၁၂ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့မှ မြို့တော်ဘဂ္ဂဒက်သို့ ဦးတည်မောင်းနှင်လာသော မော်တော်ယာဉ်တန်းကို အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီးက စောင့်ရှောက် လိုက်ပါစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လုံခြုံရေးအခြေအနေ ဆိုးရွားဆဲ

အီရတ်နိုင်ငံရှိ စစ်ကြောင့်ပျက်စီးနေသော မြို့ရွာများတွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို စတင်နိုင်ခြင်း မရှိသေးပေ။ ဆာမာဝါမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က စိန်ပြောင်းကျည် ထိမှန်ခံရခြင်းကြောင့် ပျက်စီးခဲ့ရသော အိမ်ခေါင်မိုးကို အဆိုပါအိမ်မှ ညီအစ်မနှစ်ဦးက ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တော်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပြန်

ယာဉ်တန်းဖြင့်လိုက်ပါသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

ဘဂ္ဂဒက်မြို့တွင် လမ်းဘေး၌ ထောင်ထားသော ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဖြစ်ပွား

ထိုဗုံးပေါက်ကွဲချိန်တွင် အီရတ်လူမျိုးများက ယခင်တိုက်ခိုက်မှု နှစ်ခုကြောင့် သေဆုံးခဲ့ရသော အီရတ်လူမျိုးများ၏ အလောင်းများကို စတင်မြေချနေစဉ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲ

အမှတ်(၁) အမေရိကန် သံချပ်ကာတပ်က ယခုဗုံးပေါက်ကွဲမှုသည် ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ညပိုင်း ၉နာရီခွဲခန့်တွင် အမေရိကန် စစ်ယာဉ်တန်း ဖြတ်သွားခိုက် ပေါက်ကွဲခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆေးဝါးကုသ

ဒဏ်ရာရသူများကို ရှေ့တန်းဆေးရုံသို့ ဆေးဝါးကုသရန် ခေါ်ဆောင်သွားကြသော်လည်း တပ်ဖွဲ့ဝင်နှစ်ဦးမှာ ပေါက်ကွဲမှုကြောင့် ရသောဒဏ်ရာဖြင့်ပင် သေဆုံးသွားကြသည်။

မြို့တော် ဘဂ္ဂဒက်တွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အီရတ်တပ်ဖွဲ့အသစ်သို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြသူ ၄၇ ဦး သေဆုံးခဲ့ရသည်။

တိုက်ခိုက်ခံရ

ထိုအဖြစ်အပျက် ဖြစ်ပွားခဲ့ပြီးနောက် နာရီအတန်ကြာသောအခါ အမေရိကန် စစ်ယာဉ်တန်းကို ကားဗုံးဖြင့် အတိုက်ခိုက်ခံရခြင်းဖြစ်သည်။

ယခုအခါ အမေရိကန်များက အီရတ်များသို့ အာဏာလွှဲပြောင်းရေး ပြင်ဆင်နေရာ ထိုကိစ္စတွင် အီရတ်ရဲများနှင့် စစ်တပ်အသစ်မှာ အရေးပါသောကဏ္ဍမှ ပါဝင်သည်။

ပစ်မှတ်ထား

ခုခံရေးသမားများသည် အမေရိကန်များနှင့် ပူးပေါင်းသူများကို ပစ်မှတ်ထား၍ တိုက်ခိုက်နေကြသည့်လက္ခဏာများကို တွေ့နေရသည်ဟု ဆိုသည်။

ပူးပေါင်း

အထက်ပါ အဖြစ်အပျက်များ မဖြစ်ပွားမီအချိန် ဖေဖော်ဝါရီ ၁ ရက်တွင် အမေရိကန်များနှင့် ပူးပေါင်းခဲ့သော ကာ့ဒ်ပါတီနှစ်ခုကိုဗုံးနှစ်လုံးဖြင့်ဆက်တိုက် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သေးသည်။ ထိုဗုံးခွဲမှုနှစ်ခုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရသည်။

ဦးဆောင်

အီရတ်များလက်သို့ အမေရိကန်များက အာဏာပြန်လည် လွှဲပြောင်းချိန် ဇွန်လ ၃၀ ရက်နေ့မတိုင်မီ အီရတ်အစိုးရ ဖွဲ့စည်းနိုင်ရေးအတွက် ရွေးကောက်ပွဲ စောစီးစွာ ကျင်းပနိုင်ရေးကိစ္စကို လေ့လာရန် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် အီရတ်သို့ ရောက်ရှိလျက်ရှိသည်။ ထိုအဖွဲ့ကို ဝါရင့်သံတမန်ဟောင်း လက်ဒါဘရာဟီမီက ဦးဆောင်၍ လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၁၀ရက်က ဘဂ္ဂဒက်မြို့တော်တောင်ဘက် အစွတန် ဒါရီယာဒေသရဲစခန်း၌ ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင် များကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အီရတ်၌ စပိန်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိ

မဒရစ် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံတွင် စပိန်နိုင်ငံသားတပ်ဖွဲ့ဝင်ငါးဦး ကင်းလှည့်နေစဉ် ပေါက်ကွဲစေသည့်ပစ္စည်းဖြင့် အပစ်ခံရ၍ ဗုဒ္ဓဟူးနေ့က ထိခိုက်ဒဏ်ရာရရှိသွားကြောင်း စပိန်ကာကွယ်ရေးဌာနက ပြောကြားလိုက်သည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းမှ မိုင် ၁၁၀ကွာရှိ ဒိုင်ဝါနီယာ အခြေစိုက်စခန်းသို့ ခြေလျင် ကင်းလှည့်ပြန်လာစဉ် ပေါက်ကွဲစေတတ်သည့်ပစ္စည်းဖြင့် အဆောက်အအုံတစ်ခုမှ ပစ်ခံရခြင်းဖြစ်ကြောင်း စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

တပ်ဖွဲ့ဝင်သုံးဦးမှာ ဗုံးအစအနများ၏ ထိခိုက်မှုဒဏ်ခံစားနေရပြီး အခြားတပ်ဖွဲ့ဝင်နှစ်ဦးမှာ ပွန်းပဲ့မှုဒဏ်ရာခံစားရကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများ၏ အခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တပ်ဖွဲ့ဝင်တစ်ဦးသည် ဆေးရုံမှဆင်းပြီး အခြားတပ်ဖွဲ့ဝင်များအား စောင့်ရှောက်ထားလျက်ရှိကြောင်း ကြေညာချက်အရ သိရသည်။ အီရတ်နိုင်ငံသား စကားပြန်တစ်ဦးလည်း အကြားအာရုံချို့တဲ့သွားသည်။

ဒေသခံရဲတပ်ဖွဲ့က သင်္ကာမကင်းဖြစ်ရသူ အီရတ်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။ စပိန်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင် ၁၃၀၀ကို အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲစတင်ကတည်းက အီရတ်နိုင်ငံသို့ စေလွှတ်ထားခဲ့ရာ တပ်ဖွဲ့ဝင်အများအပြား တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရပြီးဖြစ်သည်။

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်လက တာဝန်ထမ်းဆောင်နေသည့် စပိန်ရဲတပ်မှူးတစ်ဦးသည် ဦးခေါင်းတွင် သေနတ်ပစ်ခံရပြီး ယင်းဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

လွန်ခဲ့သည့် နိုဝင်ဘာလကလည်း ချုံခိုတိုက်ခိုက်ခံရမှုကြောင့် စပိန်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တို့ သေဆုံးခဲ့ရသည်။ အခြားထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့ရှိ အိမ်ပြင်ဘက်တွင် သေနတ်ပစ်ခံရကာ သေဆုံးခဲ့ပြီး ရေတပ်မှ စပိန်ဗိုလ်ကြီးတစ်ဦးမှာလည်း ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဌာနချုပ် ဩဂုတ်လက ဗုံးပေါက်ခွဲခံရစဉ်က သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဖေဖော်ဝါရီ ၁၀ ရက်က လူ ၅၀ခန့် သေဆုံးခဲ့ရသည့် ဘဂ္ဂဒက်မြို့တောင်ဘက် အစ္စကန်ဒါရီယာဒေသရှိ ရဲစခန်း၌ ကားဗုံးပေါက်ကွဲမှုနေရာပြ မြေပုံ။

ထောက်လှမ်းရေးသုံးသပ်ချက်ပြဿနာဖြစ်နိုင်ဟု ကြိုတင်မှန်းဆခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

အီရတ်စစ်ပွဲမတိုင်မီ သုံးလက ပြုစုတင်ပြခဲ့သော အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးလေ့လာသုံးသပ်ချက်တွင် ယခုအခါ သမ္မတဘုရှ်၏ အစိုးရအဖွဲ့က ရင်ဆိုင်နေရသော ပြဿနာမျိုး ဖြစ်လာနိုင်ကြောင်း ကြိုတင်ခန့်မှန်းထားခဲ့သည်ဆို၏။ ယင်းပြဿနာမှာ အီရတ်တွင် ဖျက်အားပြင်းလက်နက်များမည်သည့်အခါမျှ တွေ့ရှိမည်မဟုတ်သည့် ကိစ္စဖြစ်သည်။

အမေရိကန်ထောက်လှမ်းရေးအဖွဲ့မှ သုံးသပ်လေ့လာသူများ၊ စစ်တပ်အရာရှိများနှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ အရပ်သား အရာရှိများ ပါဝင်သောအဖွဲ့က ပြုစုသည့် အဆိုပါ လေ့လာသုံးသပ်ချက်တွင် အမေရိကန် စစ်ရေးနည်းဗျူဟာများ၊ ပြောက်ကျားစစ်၊ အီရတ်တာဝန်ရှိပုဂ္ဂိုလ်များ၏ လိမ်ညာပြောဆိုမှုများကြောင့် ပိတ်ပင်ထားသောလက်နက်များ ရှာဖွေခြင်းလုပ်ငန်းကို အားပျော့သွားစေနိုင်ကြောင်း ကြိုတင်သတိပေးခဲ့သည်ဆို၏။

အဆိုပါ ထောက်လှမ်းရေး လေ့လာသုံးသပ်ချက်၏ အပိုင်းကဏ္ဍများကို ယူအက်စ်အေ တူဒေးစာစောင်က ရရှိခဲ့သည်ဟုဆိုသည်။ အဆိုပါသုံးသပ်ချက်၏ အကျိုးဖြစ်ထွန်းနိုင်မှုနှင့် သုံးသပ်ချက်များအပိုင်းကို အဆင့်မြင့် အမေရိကန်ထောက်လှမ်းရေးအရာရှိ သုံးဦးတို့က ပြုစုတင်ပြခဲ့သည်ဆို၏။

အင်တာနက်။

လေယာဉ်ပျက်မှ မှတ်တမ်းတင်ကိရိယာများတွေ့ရှိ

ဒူဘိုင်း ဖေဖော်ဝါရီ ၁၁

ရှာဂျာနိုင်ငံတကာလေဆိပ်အပြင်ဘက်တွင် ပျက်ကျခဲ့သည့် အီရန်လေယာဉ်မှ မှတ်တမ်းတင်အသံသွင်းထားသည့်ကိရိယာများကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု အာဏာပိုင်များက ပြောကြားခဲ့သည်။ လေယာဉ်ပေါ်တွင် လူပေါင်း ၄၆ဦး လိုက်ပါလာခဲ့ရာ ၄၃ဦးသေဆုံးခဲ့ပြီး အသက်ရှင်သူသုံးဦးသည် စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်းသိရသည်။

စီအင်န်အင်န်။

အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွားဆဲ ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရသဖြင့် ရဲအရာရှိ လေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ယမန်နေ့ညက ရဲအရာရှိများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်နှစ်စီးအား သီးခြားစီ တိုက်ခိုက်ခဲ့သည့်အတွက် ရဲအရာရှိလေးဦး အခင်းဖြစ်ပွားရာ၌ပင် သေဆုံးခဲ့သည်။ အီရတ်နိုင်ငံအတွင်း ရဲအဖွဲ့ဝင်များအပြင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်သည်ဟု ယူဆသူ အီရတ်များကိုလည်း ပစ်မှတ်ထားတိုက်ခိုက်မှုများ တိုးမြင့်လာသည့်အတွက် လုံခြုံရေးအပေါ် စိုးရိမ်ပူပန်မှုများ တိုးပွားလာသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ဘဂ္ဂဒက်အနီးပတ်ဝန်းကျင်ရှိ စခန်းများမှ အမေရိကန် တပ်ဖွဲ့ဝင်များကို အစားထိုးလဲလှယ်တော့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစားထိုးမည်

လာမည့်သီတင်းပတ်အတွင်း စခန်း ၂၆ခုတွင် တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည့် အမေရိကန်တပ်ဖွဲ့များကို အသစ်ရောက်ရှိလာမည့် တပ်ဖွဲ့ဝင်များနှင့် အစားထိုးမည် ဖြစ်သည်။ ထို့အပြင် အီရတ်လုံခြုံရေးတပ်ဖွဲ့များအား လုံခြုံရေးတာဝန်ကို ထမ်းဆောင်စေမည်ဖြစ်သည့်အတွက် နောက်ထပ်အလားတူ တိုက်ခိုက်မှုများ တိုးပွားလာနိုင်သည်ဟု စိုးရိမ်ပူပန်နေကြောင်း စီအင်န်အန်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အမေရိကန်တို့ ဖွဲ့စည်းထားသည့် အီရတ်ရဲတပ်ဖွဲ့ အီရတ်နိုင်ငံ၌ အန္တရာယ်အကြီးမားဆုံး ပစ်မှတ်ဖြစ်နေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက် ၂၅ မိုင် အကွာအဝေးရှိ အစ္စကန်ဒါရီယာမြို့ရှိ ရဲစခန်းတစ်ခု အပြင်ဘက်တွင် ဖောက်ခွဲရေး ပစ္စည်းများပါရှိသည့် ထရပ်ကားတစ်စီး ဖေဖော်ဝါရီ ၁၀ ရက်နေ့က ပေါက်ကွဲမှုကြောင့် လူ ၅၀ ထက်မနည်းသေဆုံးသွားပြီး အများအပြား ဒဏ်ရာ ရရှိသွားကြောင်း သိရှိရသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွား

အီရတ်ရဲတပ်ဖွဲ့ကို ပစ်မှတ်ထားကာ တိုက်ခိုက်သည့် ယခုဗုံးပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ယင်းရဲစခန်း အဆောက်အအုံ အပြင်ဘက်၌ အီရတ်လူမျိုး အမြောက်အမြားသည် ရဲတပ်ဖွဲ့ဝင် တပ်သားသစ် စုဆောင်းရေးဌာနတွင် ရဲတပ်ဖွဲ့ထဲဝင်ရောက်ရန် စာရင်းပေးသွင်းရေးအတွက် တန်းစီစောင့်စား နေကြချိန်ဖြစ်ခြင်းကြောင့် လူသူများပြားနေချိန်ဖြစ်သည်။

အမေရိကန်တို့ ဖွဲ့စည်းထားသည့် အီရတ်ရဲတပ်ဖွဲ့သည် အီရတ်နိုင်ငံတွင် အန္တရာယ်အကြီးမားဆုံး ပစ်မှတ်တစ်ရပ် ဖြစ်နေသည်။

သေဆုံး၊ ဒဏ်ရာရရှိ

ဖောက်ခွဲရေး ပစ္စည်းများ တင်ဆောင်လာသည့် ယင်းထရပ်ကားသည် ရဲစခန်းအနီး ဖြတ်သန်းသွားလာနေသူများ အပါအဝင် လူစည်ကားရာ ယင်းအဆောက်အအုံ အပြင်ဘက်ကို အတင်းဝင်လာပြီး ဗုံးဖောက်ခွဲလိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူ ပိုမိုများပြားလျက်ရှိကြောင်း သိရှိရသည်။

လျစ်လျူရှု

ယခု ဖြစ်ပွားသည့် ပေါက်ကွဲမှုအတွက် ဒေသခံ အီရတ်ပြည်သူများက တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားချက်များကို လျစ်လျူရှုပြီး အမေရိကန်တို့က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ယခုကဲ့သို့ ပေါက်ကွဲမှု ဖြစ်ပွားသည်ဆိုသည့် သတင်းကိုသာ ယုံကြည်နေကြကြောင်း သိရှိရသည်။

တိုက်ခိုက်မှုဖြစ်ပွား

အမေရိကန်တို့နှင့် ပူးပေါင်းနေသူများ၊ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ရှိုးယားများကို တိုက်ခိုက်သွားရန် ကြံစည်နေသည်ဟု အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့မှ သတိပေးကြေညာချက် ထုတ်ပြန်ပြီး တစ်ရက်အကြာတွင် ယခုကဲ့သို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***အင်တာနက်။***

ကျူးကျော်စစ်ပွဲကြောင့် အီရတ်အရပ်သား တစ်သောင်းကျော်သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အမေရိကန်နှင့် ဗြိတိန်တို့၏ အီရတ်နိုင်ငံအပေါ် ကျူးကျော်သည့် စစ်ပွဲကြောင့် သေဆုံးရသော အီရတ်အရပ်သားဦးရေ တစ်သောင်းကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

သတင်းဖော်ပြချက်အရ သိရသည့် အီရတ်အရပ်သား ဦးရေကို သုတေသီအဖွဲ့တဖွဲ့က စာရင်းကောက်ယူခဲ့ရာတွင် ယမန်နှစ် ဒီဇင်ဘာထိ သေဆုံးသူ အီရတ်အရပ်သားဦးရေ ၁၀၀၇၉ ဦးရှိကြောင်းနှင့် အမေရိကန်တို့နှင့် ပူးပေါင်းသည်ဟု ယူဆကာ အီရတ်အရပ်သားများကို မကြာခဏ တိုက်ခိုက်ခံရကြောင်း သိရသည်။ သေဆုံးသူများအနက် အီရတ်ရဲတပ်ဖွဲ့ဝင် ဦးရေသည်အများဆုံးဖြစ်ကြောင်း အင်န်အိပ်ချ်ကေသတင်းဌာနက ဖော်ပြသည်။ ***အင်န်အိပ်ချ်ကေ။***

ဖေဖော်ဝါရီ ၁၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးစခန်းတွင် ၂၄နာရီအတွင်းဗုံးနှစ်ကြိမ်ပေါက်ကွဲ၊ အရပ်သား ၁၀၀ခန့်သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့အသစ်အတွက် တပ်ဖွဲ့ဝင်စုဆောင်းရေး စခန်းများတွင် ၂၄ နာရီ မပြည့်မီ အချိန်အတောအတွင်း ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၀၀ ခန့် သေဆုံးခဲ့သည်။ ထို့ကြောင့် အမေရိကန်ဦးဆောင်သော တပ်သားစုဆောင်းရေးဌာန၏ လုပ်ရပ်အပေါ် အီရတ်ပြည်သူများက မေးခွန်းထုတ်နေကြပြီဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက်နံနက်ပိုင်း ဘဂ္ဂဒက်မြို့တွင်း၌ မော်တော်ယာဉ်တစ်စီးတွင် သယ်ဆောင်လာသည့် ဗုံးပေါက်ကွဲမှုကြောင့် အရပ်သား ၄၇ ဦး သေဆုံးရပြန်သည်။ သေဆုံးသူအများစုတို့မှာ အမေရိကန်တို့က သင်တန်းပေးမည့် အီရတ်တပ်ဖွဲ့သစ်သို့ ဝင်ခွင့်လျှောက်ထားရန် အစိုးရအဆောက်အအုံတစ်ခုအပြင်ဘက်၌ စောင့်ဆိုင်းနေကြသူများဖြစ်သည်ဆို၏။

အဆိုပါ တပ်သားစုဆောင်းရေး စခန်း၏ပင်မဝင်ပေါက်ရှေ့တွင် နံနက် အရုဏ်တက်ချိန် မတိုင်မီကပင် စတင်တန်းစီ နေကြပြီဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ထို့ပြင် နံနက် ၇ နာရီ အချိန်ရောက်ပြီဆိုလျှင် တပ်သားသစ်အဖြစ် လျှောက်ထားမည့်သူ ရာနှင့်ချီ၍ ရောက်နေကြပြီဟု ဆိုသည်။

အခင်းဖြစ်ပွားသည့် နံနက် ၇ နာရီ ၁၅ မိနစ်နှင့် ၇ နာရီခွဲအကြားတွင် အဖြူရောင် ကားဟောင်းတစ်စီးသည် အဆိုပါ တပ်သားစုဆောင်းရေးဌာန အဝင်ဂိတ်နားသို့ ချဉ်းကပ်ရောက်ရှိလာပြီး ကားရပ်၍ စက္ကန့်ပိုင်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ဆိုသည်။ အဆိုပါကားကိုမောင်းနှင်သူမှာ ၎င်းမျက်နှာကို အနီစနှင့် အဖြူရောင်ခေါင်းပေါင်းကျားဖြင့် ပတ်ထားသည်ဟုလည်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်ခုခံရေးသမားများ၏ မကြာသေးမီ သီတင်းပတ်များအတွင်း အဓိကထားသည့်ပစ်မှတ်မှာ အီရတ်အရပ်သားများ ဖြစ်နေသည်ဟုဆို၏။ လုံခြုံရေးတပ်ဖွဲ့အသစ်အတွက် ယခုအခါ အီရတ်နိုင်ငံသား စုစုပေါင်း ၁၅၀၀၀၀ ဝင်ရောက်ပြီးဖြစ်သည်ဆို၏။

အင်တာနက်။

အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၃၆ ဦးရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံတွင် စစ်ဆင်ရေးများစတင်အချိန်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့အထိ အီရတ်၌သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၃၆ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ထုတ်ပြန်ချက်အရ သိရသည်ဟု အေပီသတင်းတွင်ဖော်ပြပါရှိသည်။ ၅၃၆ ဦးအနက် ၃၇၃ဦးမှာ တိုက်ပွဲတွင် သေဆုံးရခြင်းဖြစ်ပြီး ၁၆၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်း ဖြစ်သည်။

ထိုအတောအတွင်း အီရတ်၌သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်း ၅၇ ဦး ရှိကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီတလီ ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ ဒိန်းမတ်၊ ယူကရိန်း၊ ပိုလန်တို့က တစ်ဦးစီ သေဆုံးသည်ဆို၏။

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က မေလ ၁ ရက်တွင် ကြေညာပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၉၇ ဦးရှိသည်။ ယင်းတို့အနက် ၂၅၇ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်သည်။ အင်တာနက်။

အီရတ်တွင် အမေရိကန်အရာရှိကြီးများ အတိုက်ခိုက်ခံရမှု အတွင်းသတင်းပေါက်ကြားမှုများကြောင့်ဟု သံသယရှိနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံအတွင်း၌ ခုခံရေးသမားများက ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများသည် အတွင်းသတင်းပေါက်ကြားမှုများမှရရှိသော အချက်အလက်များအပေါ် အခြေခံ၍ ပြုလုပ်သော တိုက်ခိုက်မှု ဖြစ်နိုင်ကြောင်းကို အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က သံသယရှိနေသည်ဟု ထုတ်ဖော် ပြောကြားလာသည်။

သံသယရှိ

အဆင့်မြင့် အမေရိကန် အရာရှိကြီးသုံးဦးတို့၏ ခရီးစဉ်များအတွင်း အတိုက်ခံရမှု သုံးကြိမ်ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်း ယခုကဲ့သို့ သံသယရှိသည်ဟူသောစကားများ ပေါ်ထွက်လာခြင်း ဖြစ်သည်။

ပစ်ခတ်

ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိုက်သည် ပင်လယ်ကွေ့ရှိ အမေရိကန်တပ်များကို ဦးစီးရသူဖြစ်သည်။ ၎င်း၏ယာဉ်တန်း ကြာသပတေးနေ့က ဖော်လူဂျာမြို့အတွင်း ဖြတ်သွားစဉ် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံခဲ့ရသည်။ သို့သော် တစ်စုံတစ်ရာ အထိအခိုက်မရှိဘဲ လွတ်မြောက်သွားခဲ့သည်။

နေထိုင်

လွန်ခဲ့သော နှစ်အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဘဂ္ဂဒက် ဟိုတယ်၌ အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖိုဖော်ဝစ် နေထိုင်လျက်ရှိစဉ်ကလည်း ဟိုတယ်ကို ဒုံးကျည်များဖြင့် အပစ်ခတ်ခံခဲ့ရသည်။

အတိုက်ခိုက်ခံရ

တစ်ဖန် ဒီဇင်ဘာ ၆ ရက်နေ့တွင်လည်း အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ ယာဉ်တန်းကို ဘဂ္ဂဒက် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် အတိုက်ခိုက်ခံခဲ့ရသေးသည်။

ထိုအချက်များကြောင့် အမေရိကန် ကာကွယ်ရေးဌာန အရာရှိများသည် အတွင်း သတင်းပေါက်ကြားမှုများ ရှိနေသည်ဟု သံသယဖြစ်သည့်အပြင် လုံခြုံရေး အခြေအနေကိုပါ ပူပင်လျက်ရှိသည်ဟု ဆိုသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် အရပ်ဘက်ကားတစ်စီးကို အီရတ်အရပ်သားများ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လမ်းဘေးဗုံးကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၂

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၁ ရက်ညက လမ်းဘေးထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရသည်ဟု အမေရိကန်တပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းစဉ် ဒေသစံတော်ချိန် ၉ နာရီခွဲတွင် အဆိုပါဗုံး ပေါက်ကွဲခဲ့ကြောင်း အမှတ်(၁) တင့်ကားတပ်မက ပြောကြားသည်။ ***အင်တာနက်။***

ချွေးစက် သံလမ်း

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

လူသား၏ ခြေတစ်ဖဝါးစာ မချသာသော မျဉ်းပြိုင်သံလမ်း နှစ်ချောင်းပေါ်မှာ သံဘီးတွေလိမ့်နေပြီး ဘီးအပေါ်၌ တစ်တွဲလျှင် လူခြောက်ဆယ်ကျော် သက်သောင့်သက်သာ ထိုင်စီးနိုင်ကာ တွဲပေါင်း များစွာတို့ဖြင့် ဂျုံးဂျုံးဂျက်ဂျက် အသံပေးရင်း တရိတ်ရိတ်ပြေးနေသော ယာဉ်တစ်မျိုးကို မီးရထား ဟုခေါ်ပါသည်။

မီးရထားခရီး၏ အားသာချက်များမှာ သက်သောင့်သက်သာစီးနိုင်ခြင်း၊ ပစ္စည်း အထုပ်အပိုးတွေ လူနှင့်တစ်ပါတည်း သယ်ယူနိုင်ခြင်း၊ ရထားပေါ်မှာပင် စားသောက်နိုင်ပြီး ရထားပေါ်မှာပင် အညစ်အကြေးသန့်စင်နိုင်ခြင်း၊ ကားမူးတတ်သူ မမူးမမော်စီးနိုင်ခြင်းနှင့် ခရီးစရိတ်သက်သာခြင်းတို့ပင်ဖြစ်၏။ ဘူတာရုံရှိသောမြို့ရွာများမှ ထွက်ကုန်ပစ္စည်းများ အခြားဒေသသို့ စရိတ်စကသက်သာစွာ ပေးပို့နိုင်ခြင်း၊ အခြားဒေသထွက်ကုန်များကို ထိုနည်းတူသယ်ယူလာနိုင်ခြင်းတို့သည် မီးရထား၏ အားသာချက်များပင်ဖြစ်၏။

သည်မီးရထားကြီးတွေ ခုတ်မောင်းနိုင်သည့် သံလမ်းများမှာ ရှမ်းပြည်နယ်တစ်ခုလုံး၌ ၁၉၈၈ ခုနှစ် မတိုင်မီကဆိုလျှင် နှစ်လမ်းသာ ရှိခဲ့၏။ မန္တလေး–လားရှိုးမြောက်ပိုင်းတစ်လမ်းနှင့် သာစည်–ရွှေညောင် တောင်ပိုင်းတစ်လမ်းသာဖြစ်၏။ သည်နှစ်လမ်း၌ မြောက်ပိုင်းလမ်းသည် ပြင်ဦးလွင်သို့ အတက်လွန်းထိုးများနှင့် ဂုပ်ထိပ်တံတားကြောင့် နာမည်ကြီးခဲ့သလို တောင်ပိုင်းလမ်းသည် ဟဲဟိုးအနီး နှစ်ထပ်သံလမ်းကြောင့် နာမည်ကြီးခဲ့၏။ ထိုနှစ်ထပ်သံလမ်းကို မီးရထားကြီးကွေ့ ပတ်တက်လာပုံ ရိုက်ချက်လှလှများနှင့် "ဘဝသံသရာ မနေမနား ရှည်လျား တစ်သွားတည်းသွားကြတာ"ဟူသော နောက်ခံသီချင်းဖြင့် ဇာတ်ကားဖွင့်သည့် ဘဝသံသရာရုပ်ရှင်ဇာတ်ကားကြောင့် ထိုလမ်းသည် ဘဝသံသရာလမ်းအဖြစ် နာမည်ကြီးခဲ့၏။

ရထားလမ်းက ထိုနှစ်လမ်းသာရှိပေမင့် ရှမ်းပြည်နယ်က အလွန်ကျယ်ဝန်းနေလေရာ အဆက်ဆက်သော အစိုးရတို့သည် ရထားလမ်းသစ် ဆက်လက်ဖောက်လုပ်ရန် တာဝန်မကျေရှိခဲ့သည်တွင် ယနေ့တပ်မတော်အစိုးရ တက်ရောက်လာပြီးသော ကာလများတွင်သော် ယခင့်ယခင်အစိုးရတို့၏ တိုင်းကြွေးပြည်ကြွေး အထွေးထွေးတို့ကို မနှေးလျှင်စွာပေးဆပ်ရင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်နှင့် တိုးတက်ကျယ်ပြန့်စေရန် ကားလမ်း၊ ရထားလမ်း၊ ကားရပ်စခန်း၊ ဘူတာရုံ အုံနှင့်ကျင်းနှင့် တည်ဆောက်ပေးနေသည့်အပြင် လေဆိပ်၊ လေယာဉ်ကွင်းများ၊ အစင်းစင်းသော တံတားကြီးငယ်များကိုပါ ထည်ဝါခိုင်မတ်စွာ တည်ဆောက်ပေးလျက် ရှိနေလေရာ ယနေ့မှုကား နိုင်ငံ အရှေ့ဖျား တာချီလိတ်မြို့မှ နိုင်ငံအနောက်ဖျား စစ်တွေမြို့သို့၊ နိုင်ငံတောင်ဖျား ကော့သောင်းမြို့မှ နိုင်ငံမြောက်ဖျား ပူတာအိုမြို့သို့ လိုသလို လွယ်ကူစွာ သွားလာကူးသန်းနိုင်သော အဆင့်ရောက်နေလေပြီ။

ဤတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ လက်ရှည်လက်သွေးတက်လာပုံ၊ ထက်လာပုံတို့ကို လေ့လာကြည့်လျှင် ဤသို့ မြင်ရ၏။ ၁၉၈၈–၈၉ ခုနှစ်တွင် သံလမ်းမိုင် ၂၇၉၃ ဒသမ ၈၆ ရှိရာမှ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် သံလမ်းမိုင် ၃၈၉၇ ဒသမ ၂၉ အထိရှိလာခြင်း၊ ယခင်က ခရီးမိုင် ၁၉၇၆ ဒသမ ၃၆ မိုင်သာ ပို့ဆောင်နိုင်သော်လည်း ယခု ၂၉၈၉ ဒသမ ၁၂ မိုင်အထိ ပို့ဆောင်လာနိုင်ခြင်း၊ ယခင်က ဘူတာရုံ ၄၇၈ ရုံသာရှိခဲ့သော်လည်း ယခု ဘူတာရုံ ၇၈၆ ရုံအထိ ရှိလာခြင်း၊ ယခင်က တံတားကြီးငယ် ပေါင်း အစင်း ၅၆၅၀ သာရှိခဲ့သော်လည်း ယခု တံတားကြီးငယ်ပေါင်း ၉၀၅၆ စင်းအထိရှိလာခြင်းဟူသော တိုးတက်မှုဖြစ်စဉ်များ၊ ထို့အတူ ယခင်(၁၉၈၈ ခုနှစ်)က ခရီးသည်ဦးရေ ၃၆ ဒသမ ၆၈၉ သန်းကိုသာ ပို့ဆောင်နိုင်ခဲ့သော်လည်း ယခု (၂၀၀၃ ခုနှစ်)ခရီးသည်ဦးရေ ၆၁ ဒသမ ၇၆၃ သန်းအထိ ပို့ဆောင်လာနိုင်ခြင်း၊ ယခင် ခရီးသည်မိုင် ၁၈၇၀ ဒသမ ၁၂၅ မိုင်မှ ယခု ၂၉၂၆ ဒသမ ၄၃၆ မိုင်အထိ၊ ယခင် ကုန်တန်ချိန် ၁ ဒသမ ၂၆၉ သန်းမှ ယခု ၃ ဒသမ ၄၄၂ သန်းအထိ၊ ယခင် ကုန်တန်မိုင် ၁၉၆ ဒသမ ၅၇၉ မိုင်မှ ယခု ၇၂၃ ဒသမ ၀၉၈ မိုင်အထိ သယ်ယူပို့ဆောင်လာနိုင်ခြင်းဟူသော တိုးတက်မှုဖြစ်စဉ်များ မြင့်မားဝင့်ကြွား စွင့်ကားလာကြောင်း တွေ့ရှိရ၏။ [ကိန်းဂဏန်းများကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ဖွံ့ဖြိုး ဝေစည် မြန်မာပြည်(၁၉၈၈–၂၀၀၃)စာအုပ်မှရရှိ။]

ယခုအခါ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် တောင်ဘက်ခြမ်းနှင့် လှိုင်လင် ခရိုင် တောင်ဘက်ခြမ်းတို့၌ လမ်းပန်းဆက်သွယ်မှု ခက်ခဲလျက်ရှိသော ကျေးရွာများသို့အရောက် ဂျုံးဂျုံးဂျက်ဂျက် အသံပေးကာ မီးရထားကြီးခုတ်မောင်းနိုင်ရေးအတွက်ကြိုးပမ်းနေပုံ တစ်ခန်းတစ်ကဏ္ဍကို မြင်သမျှကြားသမျှ အထင်ကရအဖြစ် စာသကမ္ဗည်းတင်ပါမည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုက အခြေခံကျသဖြင့် လမ်းများဖောက်၊ တံတားများဆောက်နေခြင်းဖြစ်ကြောင်း"** ဖြင့် ၁၉၉၄ ခုနှစ် တတိယလေးလပတ် ညှိနှိုင်းအစည်းအဝေး၌လည်းကောင်း"၊ **"တောနှင့်မြို့ ကွာဟမှုကျဉ်းမြောင်းသွားစေရေးအတွက် ဆက်သွယ်သည့်လမ်းကြောင်းများ တိုးတက် ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ဖြင့် ၁၉၉၅ ခုနှစ် ဒုတိယလေး လပတ်ညှိနှိုင်းအစည်းအဝေး၌လည်းကောင်း၊ **"နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များချမှတ် အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း"** ဖြင့် ၈–၁၁–၉၅ ရက်နေ့က လည်းကောင်း လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံလုံးခြုံကာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကျယ်ပြန့်လာအောင် လမ်းများ၊ တံတားများ၊ ရထားလမ်းများကို အရှိန်အဟုန်မြင့်တည်ဆောက်ခဲ့ရာဝယ် ရှမ်းပြည်နယ်တောင်ပိုင်း လှိုင်လင်ခရိုင်အတွင်း ပထမဦးစွာ ပေါ်ထွန်းလာသော ရထားလမ်းမှာ မိုးနဲ–နမ့်စန် လမ်းဖြစ်ပါသည်။ လမ်းမိုင် ၂၇ ဒသမ ၅၆ မိုင်ကို ၁–၅–၉၅ ရက်နေ့၌ ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသနှင့်ဒေသခံများအား ကြီးမားစွာ ကျေးဇူးပြုနေသော ရထားလမ်းဖြစ်လျက်ရှိပါသည်။ ယခု အခါ နမ့်စန်မှ မိုင်းစိုတ်အထိ ဆက်လက်ဖောက်လုပ်ပြီးဖြစ်၍ ရထားများတိုးချဲ့ပြေးဆွဲနေပြီဖြစ်သောကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လျက် ရှိနေပါသည်။

လှိုင်လင်ခရိုင်ဘက်မှ ယင်းသို့ဆောင်ရွက်နေသည့်နည်းတူ မျက်နှာချင်းဆိုင် တောင်ကြီး ခရိုင်ဘက်မှလည်း တောင်ကြီး–ဖာမွန်းရထားလမ်း ၆ ဒသမ ၂ မိုင်ကို ၂၇–၇–၉၆ ရက်နေ့၌ လည်းကောင်း၊ ဖာမွန်း–ဘန်းယဉ်ရထားလမ်း ၂၇ ဒသမ ၄၂ မိုင်ကို ၄–၆–၉၆ ရက်နေ့၌လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ယခုအခါ ဘန်းယဉ်မှ ဆိုက်ခေါင်အထိ၊ ထိုမှ ပြင်သာယာ အထိ ရထားလမ်း ဆက်လက်ဖောက်လုပ် ပြီးမြောက်နေပေပြီ။

ယင်းမျက်နှာချင်းဆိုင် ရထားလမ်းနှစ်ခုသည် လှိုင်လင်ခရိုင် ပွန်ချောင်း၌ ဆုံဆည်းမိကြလျှင်မူ လှိုင်လင်ခရိုင်နှင့် တောင်ကြီးခရိုင် အချင်းချင်းအပြင် ရန်ကုန်–မန္တလေးအထိ ခရီးသည်ရောကုန်စည်ပါ မီးရထားဖြင့် သွားလာကူးသန်းနိုင်ကြပါတော့မည်။ လမ်းနှစ်လမ်း၏ မျက်နှာချင်းဆိုင် ဗဟိုချက်ဖြစ်သော ပွန်ချောင်းတံတားကြီး တည်ဆောက်ရေးလုပ်ငန်းမှာ ပြီးစီးအောင်မြင်နေပြီး ထိုတံတားကြီးသို့ ဦးတည်ကာ ဘက်နှစ်ဖက်မှ ရထားလမ်းနှစ်လမ်း လာရောက်ဆုံဆည်းနိုင်အောင် အင်ပြည့်အားပြည့်ဖောက်လုပ်လျက်ရှိနေကြပေပြီ။

(ခ)

ဖော်ပြခဲ့သော ရထားလမ်းအပိုင်းများကို ဖောက်လုပ်ရာ၌ မြန်မာ့မီးရထားမှ တတ်ကျွမ်းပညာရှင်များနှင့် ဝန်ထမ်းများကို အင်ပြည့်အားပြည့် ဖြည့်ဆည်းပေးနေသူများကား တပ်မတော်သားများ ဖြစ်ကြလေ၏။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ဦးဆောင်မှုအောက်ဝယ် နယ်မြေခံ တပ်ရင်း တပ်ဖွဲ့များရှိ တပ်မတော်သားတို့၏ ချွေးစက်များဖြင့် ဖောက်လုပ်သော သံလမ်းများပါပေ။ ထို့ကြောင့် တပ်မတော်သားတို့၏ ချွေးစက်များသည် ကျောက်ဖောက်စက် လွန်သွားများထက် ပိုမိုလျက် မြည့်မြည့်ထက်နေကြကုန်၏။ တပ်မတော်သားတို့၏ ချွေးစက်များသည် မြေကော်စက် လက်သည်းများထက် ကဲသာလျက် မြည့်မြည့် ထက်နေကြကုန်၏။

ယခုဖောက်လုပ်ပြီး မီးရထားသံလမ်းများကိုပင် လွင်ပြင်မဟုတ်သည့် တောင်ကုန်းနှင့်ချိုင့်ဝှမ်း ရှမ်းကုန်းမြေမြင့်၌ ဖောက်လုပ်ရခြင်းဖြစ်ရာ လွယ်ကူလွန်းလှသည်တော့ မဟုတ်ခဲ့ပါ။ မလွယ်ကူလွန်းခြင်းကြောင့်သာ ဘယ်အစိုးရကမှ စိတ်ကူးမျှဖြင့်ပင် ဖောက်လုပ်နိုင်စွမ်းမရှိခဲ့သော လစ်ဟာလမ်း၊ လေဟာလမ်း၊ အကြွေးတင်လမ်း၊ ကြည့်မမြင်လမ်း ဖြစ်ခဲ့ရပါသည်။

ယနေ့ တပ်မတော်အစိုးရသည်သာလျှင် ဘယ်လောက်ခက်ခက် အခက်ကို ပြေစေနိုင်စွမ်းနှင့် ဘယ်လောက် ကြမ်းကြမ်း အကြမ်းကို ချောစေနိုင်စွမ်းဟူသော စွမ်းရည်ပြည့်ဝသည့် အစိုးရတစ်ရပ် ဖြစ်နေခြင်းကြောင့်သာ တပ်မတော်စွမ်းအားဖြင့် သည်လမ်းတွေကို မျက်ဝါးထင်ထင် ပေါ်လွင်စေနိုင်ခြင်း၊ ဖောက်လုပ်နေနိုင်ခြင်းဖြစ်၏။

ကြည့်ပါ။ မျက်နှာချင်းဆိုင်လမ်းနှစ်လမ်းပေါင်းဆုံမိသည်အထိ ကျန်ရှိနေသေးသောအပိုင်းများကို တပ်မတော်သားတို့၏ ချွေးစက်ဖြင့် ဖောက်လုပ်နေရာဝယ် အခက်ခဲဆုံး၊ အပင်ပန်းဆုံး၊ အကြမ်းတမ်းဆုံး အနေ အထား၌ ကျော်လွှားနိုင်အောင် ကြိုးစားနေကြရကုန်၏။ တောင်ကြီးခရိုင်ဘက် ယခု ရထားလမ်းပေါက်ပြီးဖြစ်သည့် ပြင်သာယာဘူတာရုံမှ ပွန်ချောင်းအထိ ဖောက်လုပ်နေသော ရထားလမ်း အကြောင်း၌ ပင်လယ်ရေပြင်ထက် အမြင့်ပေ ၄၅၀၄ ပေရှိ ထီထဲထိုးရွာ၊ ထိုမှ အမြင့်ပေ ၅၁၂၀ ရှိ ထမ်ဆိုင်းရွာတို့ကို ဖြတ်ရမည်ဖြစ်ပြီး ထိုမှ ပြန်နိမ့်လာကာ အမြင့်ပေ ၃၀၅၀ ရှိ ထူးကျန်ရွာကိုဖြတ်လျက် ပွန်ချောင်းအရောက် ဖောက်လုပ်ရမည်ဖြစ်၏။ သည်ခရီးအကြား အနိမ့်နှင့် အမြင့် ကွာခြားမှုမှာ ပေ ၆၁၆ ပေမှ ပေ ၂၀၇၀ ဖြစ်၏။

အမြင့်ပေ ၂၀၀၀ ကျော် အတက်ခရီးကို ဒုံးပျံတက်နည်းဖြင့် တက်၍မရသလို အနိမ့်ပေ ၆၀၀ ကျော် အဆင်းခရီးကို ဒိုင်ဗင်ထိုးဆင်းနည်းဖြင့် ဆင်းမရသည်ကား ထင်ရှားလှစွာ၏။ ထို့ကြောင့် ယခင် အတိတ်ကာလများတုန်းက ယခုလို လမ်းမျိုး တောင်တက်၊ တောင်ဆင်းတွေ့လျှင် ၂၅ ပေ၌ တစ်ပေအမြင့်နှုန်း သတ်မှတ် ဖောက်လုပ်လေ့ရှိခဲ့၏။ ယခုလမ်းကား ယခင်နှုန်းစံထက်ပို၍ ပြေပြေတက်၊ ပြေပြေဆင်းဖြစ်ရန်လိုသောကြောင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ဝယ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းကိုယ်တိုင် ကွင်းဆင်း ခရီး၌ အာဆီယံစံညွှန်းနှင့်အညီ အလျားပေ ၈၀ တွင် တစ်ပေအမြင့်နှုန်းဖြင့် ဖောက်လုပ်ရန် မှာကြားခဲ့၏။ လမ်းအန္တရာယ်ကင်းစေရေးကို အဓိကထားခြင်း ဖြစ်သောကြောင့် လမ်း၏အလျားမှာ ပိုပြေသွားသလို ပိုရှည်သွား၏။ ပိုရှည်သော ကြောင့် ငွေပိုကုန်ကျ၏။ ငွေကုန်လျှင်ကုန်ပါစေ။ ရေရှည်အန္တရာယ်ကင်းဖို့လို၏။ ဒါသည်ပင် နိုင်ငံတော်၏ စေတနာဖြစ်ပါသည်။

ယင်းစေတနာတို့ကြောင့် အနိမ့်၊ အမြင့်ကွာလှမ်းလွန်းသည့် ထိုရွာသုံးရွာကို ပတ်လမ်းသုံးလမ်းဖြင့် ကွေ့ပတ်၍ ပြေလျော့အောင် ဖောက်လုပ်ရမည်ဖြစ်ပါသည်။

ရထားလမ်း အကြောင်းတစ်လျှောက် ဘယ်လိုမှရှောင်တိမ်း မရနိုင်သော လျှိုမြောင်များ၊ ချောင်းခြောက်များ ခံနေလေရာ ယင်းတို့ကို တံတားများဆောက်လျက် ကျော်လွှားရမည်ဖြစ်သောကြောင့် ပွန်ချောင်းအထိ တံတားစုစုပေါင်း ၁၀၄ စင်းတိတိ တည်ဆောက်ရဦးမည်ဖြစ်၏။ မြေဖို့၍ရသော လျှိုမြောင်များကိုမူ သိပ်သည်းစွာမြေဖို့ကာ အမာခံတည်ဆောက်မည်ဖြစ်ရာ အချို့လျှိုများ၏ အနက်ပေသည် ရာကျော်နေသဖြင့် မြေကျင်းပေါင်း သိန်းကျော် ဖို့ရမည်ဖြစ်၏။ ကျောက်တောင်၊ ကျောက်သားများကိုကား ကျောက်ဖောက်စက်ကြီးများ၊ ယန္တရားများသုံးစွဲရင်း တပ်မတော်သားတို့၏ ချွေးစက်တို့ဖြင့် ဖောက်ထွင်းပစ်မည်ဖြစ်၏။

တစ်ဖန် လှိုင်လင်ခရိုင်ဘက်မှ ယခုရထားလမ်းပေါက်ပြီးဖြစ်သည့် ကောင်းစိုင်းဘူတာမှ ပွန်ချောင်းအရောက် ဖောက်လုပ်ရမည့် ရထားလမ်းအကြောင်း၌ နမ့်မဟိတ်ရွာ၊ ထီပင်ရွာ၊ တောင်တိုင်းရွာ၊ ဘန်းကျောက် ရွာတို့ကို ဖြတ်သန်းရမည်ဖြစ်ရာ အမြင့်ပေ ၄၃၀၀ အထိ အလျားပေ ၈၀ လျှင် တစ်ပေအမြင့်နှုန်း ပြေပြေ တက်နိုင်၊ ပြေပြေဆင်းနိုင်ရန် ကျောက်တောင်၊ ကျောက်သားတို့ကို ဖဲ့တန်ဖဲ့၊ ဖောက်တန်ဖောက်ရမည်ဖြစ်သည့်အပြင် တောင်ကြီးခရိုင်ဘက်ထက် လျှိုမြောင်၊ ချောင်းစို၊ ချောင်းခြောက် ပိုပေါသောကြောင့် တံတား ပေါင်း ၂၂၆ စင်း တည်ဆောက်ရမည်ဖြစ်၏။

ရထားလမ်းဖြစ်သောကြောင့် မြေသားတာပေါင်လုပ်ငန်း၊ ကျောက်ခင်းလုပ်ငန်း၊ ဇလီဖာတုံးခင်းလုပ်ငန်း၊ ကျောက်ဖြည့်လုပ်ငန်းနှင့် သံလမ်းခင်းလုပ်ငန်းဟူ၍ အဆင့်ဆင့်ရှိနေပါသေး၏။

(ဂ)

ချွေးစက်သံလမ်းအုံမခန်း

(၁) **ဆက်လက်ဖောက်လုပ်မည့် ရထားလမ်းအရှည်**

– တောင်ကြီးခရိုင် ဆိုက်ခေါင်မှ ပွန်ချောင်းသို့	၄၈ မိုင်
– လှိုင်လင်ခရိုင် နမ့်စန်မှ ပွန်ချောင်းသို့	၅၅ မိုင်

(၂) **မြေသားတာပေါင်လုပ်ငန်း**

– တောင်ကြီးဘက်မှ	တူးမြေကျင်း	၂၇ ဒသမ ၄၀ သိန်း
	ဖို့မြေကျင်း	၂၂ ဒသမ ၆၀ သိန်း
– လှိုင်လင်ဘက်မှ	တူးမြေကျင်း	၁၈ ဒသမ ၂၆ သိန်း
	ဖို့မြေကျင်း	၁၃ ဒသမ ၇၄ သိန်း
စုစုပေါင်း	**မြေကျင်း**	၈၂ ဒသမ ၀၀သိန်း

(၃) **ကျောက်ခင်းလုပ်ငန်း**

– တောင်ကြီးဘက်	ကျောက်ကျင်း	၃၃၂၃၂ ကျင်း
– လှိုင်လင်ဘက်	ကျောက်ကျင်း	၄၀၃၀၁ ကျင်း
စုစုပေါင်း	**ကျောက်ကျင်း**	၇၃၅၃၃ ကျင်း

(၄) **တံတားလုပ်ငန်း**

– တောင်ကြီးဘက်		၁၀၄ စင်း
– လှိုင်လင်ဘက်		၂၂၆ စင်း
စုစုပေါင်း	**တံတားအစင်း**	၃၃၀

(ဃ)

"နေပါဦး ဒကာကြီး၊ မေးစရာလေးတွေတွေ့လာလို့မေးမယ်နော်။ အခုအတိုင်းဆိုတော့ ရထားလမ်းက ရွာတွေအရောက် တစ်ရွာပြီးတစ်ရွာ ကွေ့ပတ်ဖောက်မှာပေါ့။ တကယ်လို့ ရွာတွေ အရောက်မဖောက်ဘဲ တည့်တည့်ဖောက်မယ်ဆိုရင် မိုင် အများကြီးတိုသွားမှာပေါ့။ ဘာဖြစ်လို့ ရွာတွေအရောက်ကွေ့ပတ်ဖောက်ရတာလဲ"

"မှန်ပါ၊ ဒါက နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအရပါ ဘုရား။ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အထောက်အကူဖြစ်အောင်၊ ကျေးလက်စီးပွားရေး တိုးတက်အောင် အခုလို ရွာတွေအရောက် ရထားလမ်းကွေ့ပတ် ဖောက်တာပါ။ ဒီအတွက် ငွေပိုကုန်ပါတယ်။ နိုင်ငံတော်က ငွေပိုကုန်တာကိုမကြည့်ဘဲ ဒေသနဲ့ ဒေသသားတွေ၊ ကျေးရွာတွေကို ကြည့်တာပါဘုရား"

လှိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီး သောင်းအေးဖြစ်ပါသည်။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ကွပ်ကဲမှုအောက်၌ ရထားလမ်းဖောက်လုပ်ရေး ကွပ်ကဲရေးမှူးဖြစ်ပါသည်။

"သြော်– သဘောပေါက်ပြီ ဒကာကြီးရေ။ အခု ဇန်နဝါရီလ ၂၆ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရေးမြို့နယ်ခရီးစဉ်မှာ "ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အောင်မြင်ပါမှ မြို့နယ်အလိုက်ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူတွေ လူမှုဘဝတိုးတက်မြင့်မားလာနိုင်မယ်" လို့ မှာကြားခဲ့ကြောင်း သတင်းစာတွေမှာ ဖတ်လိုက်ရသေးတယ်။ ဒီတော့ အခု ဒီရထားလမ်းဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ကောင်းကောင်းကြီး အထောက်အကူပြုတဲ့ ရထားလမ်းကြီးပေါ့။"

"မှန်ပါတယ်ဘုရား၊ နောက်တစ်ခုစဉ်းစားကြည့်မယ်ဆိုရင် တောင်ကြီးနဲ့ လှိုင်လင်ကို ကားလမ်းအတိုင်း ရထားလမ်းဖောက်ရင်လည်း ဖြစ်နိုင်ပါတယ် ဘုရား။ မိုင်တိုမယ်။ လွန်းထိုးတော့ဖောက်ရမယ်။ အခုရထားလမ်း ထက် ထက်ဝက်လောက် သက်သာမယ်။ ဒါပေမယ့် တောင်ဘက်ခြမ်းကျေးရွာတွေကို မရောက်တော့ အဲဒီ ကျေးရွာတွေ ဒုံရင်းဒုံရင်းပဲ ဖြစ်နေမယ်ဘုရား။ နိုင်ငံတော်ရဲ့ စေတနာက ကျေးရွာဆိုတဲ့ ခြေထောက်ကစပြီး သန်မာစေချင်တာပါဘုရား။ ကျေးရွာတွေ ဖွံ့ဖြိုးမှ မြို့နယ်ဖွံ့ဖြိုးမယ်။ မြို့နယ်ဖွံ့ဖြိုးမှ ခရိုင်ဖွံ့ဖြိုးမယ်။ ဒီနည်းနဲ့ တစ်တိုင်းတစ်ပြည်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ပါဘုရား။"

(င)

တစ်တိုင်းတစ်ပြည်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ တပ်မတော်သားများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည်တို့တွင် ယခု ရထားလမ်းလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဤသို့ အစုအဖွဲ့များခွဲကာ လှိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မနားတမ်း ဆောင်ရွက်နေကြပါကုန်၏။

၂၀၀၄ ခုနှစ် ပြည်ထောင်စုနေ့အမီ ရထားလမ်းပိုင်းအချို့ ဖွင့်လှစ်နိုင်ရန် နေ့ညမနားဆောင်ရွက်လျက်ရှိရာ တောင်ကြီးဘက်၌ ပြင်သာယာဘူတာမှ ထီရိဘူတာအထိ လမ်းအရှည် ၄ ဒသမ ၃ မိုင်၊ လှိုင်လင်ဘက်၌ မိုင်းစိတ်ဘူတာမှ ကောင်းဆိုင်ဘူတာအထိ လမ်းအရှည် ၁၀ ဒသမ ၂ မိုင် အချောကိုင်လုပ်ငန်းများ ပြီးပြတ်အောင် ကြိုးပမ်းလျက်ရှိကြ၏။

ထို့အပြင် တောင်ကြီးဘက်၌ ထီရိဘူတာမှ ထီထဲထိုးရွာအထိတစ်ပိုင်း၊ ထိုမှ ပွန်ချောင်းအထိ တစ်ပိုင်းဟု နှစ်ပိုင်းနှစ်ဖွဲ့ ဆောင်ရွက်လျက်ရှိရာ အပိုင်း(၁)၌ မြေထိုးစက်ခြောက်စီး၊ မြေကော်စက် ငါးစီး၊ မြေသယ်ယာဉ် ခြောက်စီး၊ ကျောက်ဖောက်စက်ကြီးနှစ်လုံး၊ အသေးနှစ်လုံးတို့ဖြင့်လည်းကောင်း၊ အပိုင်း(၂)၌ (ပူးပေါင်း) မြေထိုး စက် ၁၂ စီး၊ မြေကော်စက် ၁၀ စီး၊ မြေသယ်ယာဉ် ၁၂ စီး၊ ကျောက်ဖောက်စက်ကြီး နှစ်လုံး၊ အသေး ရှစ်လုံး တို့ဖြင့်လည်းကောင်း၊ စက်အားလူ့အား ဘယ်မနားကြိုးစားဆောင်ရွက်နေသကဲ့သို့ လှိုင်လင်ဘက်မှလည်း ပွန်ချောင်းအရောက် ယခုပွင့်လင်းရာသီအတွင်း များပြားစွာသော တံတားတည်ဆောက်ရေးလုပ်ငန်းတို့ကို ပြီးပြတ်သွားအောင် အတတ်နိုင်ဆုံး ကြိုးပမ်းလျက်ရှိကြ၏။

တကယ်တော့ ဤရထားလမ်းဖောက်လုပ်ရခြင်းသည် လွယ်လွယ်ကူကူ မဟုတ်ပါချေ။ ပြန့်ပြူးသော မြေပြင်မဟုတ်သည့်အပြင် ကျောက်တောင်များ၊ လျှိုမြောင်များ၊ ကျောက်သားများ၊ ချောက်ကမ်းပါးများဖြင့် အဆင်းခက်ခက် အတက်ကြမ်းကြမ်း တွေချည်းဖြစ်ပါသည်။ တစ်ကွေ့ကွေ့လိုက်သည်နှင့် ချောက်ကမ်းပါးကြီး ဘွားကနဲပေါ်လာသလို တစ်မော့မော့လိုက်သည်နှင့် ကျောက်သားတောင်ကြီးက ဆီးခံနေပါ၏။ ယခင် ဖောက်ထားသော ရွာချင်းဆက်လမ်းများကလည်း

စာမျက်နှာ (၇) ကော်လံ(၁)သို့ ☆

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ၄ ဝိုင်း ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏တပည့်ရင်း အရှင်ပဏ္ဍဝံ(မိဂလုံ)သည် အပါယ်လွတ်မြောက် နိဗ္ဗာန်ရောက် ခန္ဓာကိုယ်တွေ့ဝိပဿနာ တရားစခန်းပွဲကို တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အာဟာရဒါနလှူဒါန်းမည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့
ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက

ဒေါက်တာစံရွှေဝင်း
(ကျန်းမာရေးဦးစီးဌာန)

မြန်မာနိုင်ငံ၏ အမျိုးသား ကျန်းမာရေးမူဝါဒတွင် ပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးကို ဦးတည်ချက် ထားရှိပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန်အတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိရေး၊ မစင်နှင့်အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို အလေးအနက်ထား၍ လိုက်နာဆောင်ရွက်ရေးတို့သည် အခြေခံအကျဆုံး အချက်အလက်များ ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး မြို့ပြကျေးရွာအနှံ့ သန့်ရှင်းသောရေလုံလောက်စွာရရှိရေး၊ ယင်လုံအိမ်သာများ ရာနှုန်းပြည့်သုံးစွဲရေး၊ အိမ်သာအထွက် လက်ဆေးသည့်အကျင့်၊ အစာမစားမီ လက်ဆေးသည့်အကျင့် စသည့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အထများ စနစ်တကျ လိုက်နာကျင့်သုံးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် နှိုးဆော်ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသား ကျန်းမာရေးကော်မတီအနေဖြင့် ၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော အကြိမ်(၂၀)မြောက် အမျိုးသား ကျန်းမာရေးကော်မတီအစည်းအဝေး၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယင်လုံအိမ်သာများကို တစ်နိုင်ငံလုံး ရာနှုန်းပြည့်ရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ရရှိခဲ့ပါသည်။

အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၉၈ခုမှစ၍ အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်သူများအနေဖြင့် ယခင်က ယင်လုံအိမ်သာ ဆောက်လုပ်ရန်အတွက် အခြားအလှူရှင်အဖွဲ့အစည်းများမှ လှူဒါန်းသည့် ပလတ်စတစ် ခွက်နှင့် ပိုက်များအပေါ်တွင်သာ မှီခိုအားထားခဲ့ကြပြီး ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ကိုယ့်အားကိုယ့်ကိုး ဆောင်ရွက်မှုများ နည်းပါးခဲ့ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုကိုယ်တိုင်က ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲတတ်လာပြီး မိမိတို့ သုံးစွဲမည့် အိမ်သာဆောက်လုပ်ရေးသည် မိမိတို့ အလုပ်ပင်ဖြစ်ကြောင်း သဘောပေါက်ခံယူထားရန် နှိုးဆော်ကြိုးပမ်းခဲ့ကြပါသည်။ ယင်လုံအိမ်သာ အဘယ့်ကြောင့်သုံးစွဲရန် လိုအပ်သည်ကို ပြည်သူအများ လက်ခံသဘောပေါက်လာစေရန် ကျေးရွာအနှံ့ လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုံ့ဆော်ခဲ့ကြပါသည်။ ပြည်သူများက ယင်လုံအိမ်သာ သုံးစွဲရန် လက်ခံလာသည်နှင့်အမျှ ဒေသထွက်ပစ္စည်းများဖြင့်ပင် ယင်လုံအိမ်သာ ဆောက်လုပ်နိုင်ကြောင်း သဘောပေါက်နားလည်လာကြသည်။ ကျန်းမာရေးဌာနအဆင့်ဆင့်မှလည်း နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခဲ့ကြပါသည်။

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်နှင့်အတူ လူထုကိုယ်တိုင် သန့်လေးသန့် လုပ်ငန်းအတွက် ပါဝင်ဆောင်ရွက်လာနိုင်စေရန်လည်းလှုပ်ရှားအကောင်အထည်ဖော်ခဲ့ကြပါသည်။ ကျန်းမာရေးလုပ်ငန်းများသည်လူထုအားလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဖြစ်သည့်အလျောက် လူထုကိုယ်တိုင်က မိမိတို့၏ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်စေမည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြရန် စည်းရုံးလှုံ့ဆော်ခဲ့ကြပါသည်။ အစားအစာ သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေကောင်း ရေသန့်ရရှိရေး၊ သန့်လေးသန့် လုပ်ငန်းများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီများ၏ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်ခဲ့ကြပါသည်။

ပထမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်အတွင်း တစ်နိုင်ငံလုံး၌ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ယင်လုံအိမ်သာ အသစ်ပေါင်းတစ်သန်း ဆောက်လုပ်ရေးကိုဦးတည်၍ အင်တိုက်အားတိုက် လှုပ်ရှားဆောင်ရွက်ခဲ့ကြပါသည်။ ဤသို့ ဆောင်ရွက်ခဲ့ကြသည့်အလျောက် ၁၉၉၈ ခုနှစ်အတွင်းတွင် ယင်လုံအိမ်သာပေါင်း ကိုးသိန်းခန့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ပထမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု မတိုင်ခင်က ယင်လုံအိမ်သာ လွှမ်းခြုံမှုသည် ၄၅ ဒသမ ၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၁၉၉၈ အကုန်တွင် ၆၀ ရာခိုင်နှုန်းသို့ တိုးတက်ရရှိခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် ဒုတိယနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယင်လုံအိမ်သာ အလုံးရေပေါင်းခုနှစ်သိန်းခန့် ဆောက်လုပ်နိုင်ခဲ့ခြင်းကြောင့် ယင်လုံအိမ်သာ လွှမ်းခြုံမှုမှာ ၇၃ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။ ဤသို့ဖြင့် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို နှစ်စဉ်နှစ်တိုင်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ် ဆဋ္ဌမနှစ် လှုပ်ရှားမှုအပြီးတွင် ယင်လုံအိမ်သာ လွှမ်းခြုံမှု ရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပါသည်။ သို့ဖြစ်၍ ဤရက်သတ္တပတ် လှုပ်ရှားမှုများ အကောင်အထည်ဖော် မဆောင်ရွက်နိုင်မီ ၁၉၉၇ ခုနှစ်နှင့် နှိုင်းစာကြည့်ပါက ၄၆ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသို့ တိုးတက်လာသည့်အတွက် နှစ်ဆနီးပါးခန့် တိုးတက်လာသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ဤလှုပ်ရှားမှု ရက်သတ္တပတ်အတွင်းတွင် ဖွင့်ပွဲအခမ်းအနားများကို ဗဟို၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဆင့်ဆင့်၌ ကျင်းပပြုလုပ်ခဲ့ကြသည့်အပြင် လှုံ့ဆော်ပညာပေးရေးလုပ်ငန်းများ၊ ရှင်းလင်းဆွေးနွေးပွဲများ၊ သင်တန်းများကိုလည်း ကျေးရွာများအရောက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြပါသည်။ လုပ်ငန်းအောင်မြင်စေရေးအတွက် ကွင်းဆင်းညှိနှိုင်းပံ့ပိုးဆောင်ရွက်မှုများ၊ ကြီးကြပ်မှုများစသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြခြင်းကြောင့် အောင်မြင်မှု ရရှိခဲ့ကြခြင်း ဖြစ်ပါသည်။

ပြည်သူလူထု တစ်ရပ်လုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံ၏ သန့်ရှင်းရေး လွှမ်းခြုံမှု ရာခိုင်နှုန်းများမှာ ထင်ရှားစွာတိုးတက်မြင့်မားလာခဲ့သည့်အလျောက် မသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားနှုန်းမှာလည်း သိသိသာသာ လျော့နည်းကျဆင်းလာပါသည်။ ဤကဲ့သို့ မြန်မာနိုင်ငံ၏ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့သော အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်ချက်များကို ဒေသတွင်း နိုင်ငံကိုယ်စားလှယ်များက လာရောက်လေ့လာ မှတ်တမ်းတင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် လက်ရှိယင်လုံအိမ်သာများအနက် လေးပုံတစ်ပုံခန့်သည် ယင်မလုံ၍ ကျန်းမာရေးနှင့် မညီကြောင်းတွေ့ရပါသည်။ ယခုဆဋ္ဌမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် လှုပ်ရှားမှုကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အတွင်း တစ်နိုင်ငံလုံး၌ အင်တိုက်အားတိုက်ဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်တွင် ယင်လုံအိမ်သာသုံးစွဲရေးကိုသာမက သန့်ရှင်းစွာ ထိန်းသိမ်းရေးကိုပါ ဦးတည်လျက် "တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့" ဟူသော ဆောင်ပုဒ်ကို ရွေးချယ်ထားပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော ယင်လုံအိမ်သာတစ်လုံး၏ အင်္ဂါရပ်နှင့်ညီညွတ်စေရန်အတွက် အိမ်သာကျင်းကို ယင်လုံအောင် သေချာစွာ ဖုံးအုပ်ထားခြင်း၊ အိမ်သာမစင်စွန့်ပေါက်နေရာကို ယင်လုံအောင် သေချာစွာ ဖုံးအုပ်ထားခြင်း၊ အိမ်သာခွက်နှင့်ကျင်းအား ဆက်သွယ်သောပိုက် (သို့) သစ်သား မြောင်းများကို အဖုံးဖုံးထားခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။ အထက်ပါ အချက်သုံးချက်မှာ အိမ်သာ ယင်လုံစေရန်အတွက် အရေးကြီးဆုံးနေရာများဖြစ်ပါသည်။ ယင်မလုံပါက အိမ်သာကျင်းထဲသို့ ယင်ကောင်များ ဝင်ရောက်ပြီး ၎င်းမှတစ်ဆင့် အစားအစာများပေါ်သို့ လာနားနိုင်ပါသည်။ ထို့အပြင် ဆေးကြောသန့်ရှင်းရန်အတွက် ရေအိုးများကို အိမ်သာထဲတွင် ထားရှိရန်လိုအပ်ပါသည်။ အိမ်သာ အဆောက်အအုံ ပုံစံမှာမူ ပုံသေသတ်မှတ်ချက် မရှိပါ။ မိမိဒေသထွက် ပစ္စည်းကိုသုံး၍ မိမိတတ်နိုင်သလို၊ အဆင်ပြေသလို ဆောက်လုပ်နိုင်ပါသည်။ သို့သော် ယင်လုံအိမ်သာဆောက်လုပ်ခြင်းဖြင့် ကလေး၊ လူကြီးအားလုံးကို မစင်မှတစ်ဆင့် ကူးစက်နိုင်သော ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုကို ကာကွယ်နိုင်ပါသည်။ ကလေးများဝမ်းလျှော၊ ဝမ်းပျက်ရောဂါကြောင့် အာဟာရချို့တဲ့မှုကို ၅၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ပါသည်။ ယင်းအိမ်ထောင်စုများတွင် အိမ်သာဆောက်လုပ်သုံးစွဲသော အလေ့အကျင့်နှင့် အတွေ့အကြုံရှိထားပြီးဖြစ်သဖြင့် မိမိတို့အိမ်မှ ယင်လုံအိမ်သာကို ယင်လုံအောင် ပြုပြင်နိုင်ရန်အတွက် မခက်ခဲတော့ပါ။ ထို့ကြောင့် နိုင်ငံအဝန်းတွင် ယင်မလုံသေးသော အိမ်သာများကို ယင်လုံအောင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်နိုင်လျှင် အချိန်တိုတိုအတွင်း လက်ရှိအိမ်သာပေါင်း နှစ်သန်းခန့်သည် ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ ဖြစ်လာပါမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ယင်လုံအိမ်သာများကိုအခြေခံ၍ မိမိသာမက နိုင်ငံတော်ရှိ ပြည်သူအားလုံးတို့၏ လူနေမှုနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာမည်ဖြစ်သည်။

ယင်လုံအိမ်သာသုံးစွဲသည့် အလေ့အကျင့်၊ ယင်လုံအိမ်သာကို သန့်ရှင်းအောင် စနစ်တကျ ထိန်းသိမ်းသည့် အလေ့အကျင့်များသာမက အိမ်သာမှအထွက်တွင် လက်ဆေးသည့်အကျင့်၊ ကလေးမစင်နှင့် အခြားအညစ်အကြေးများ ကိုင်တွယ်ပြီးလျှင် လက်ဆေးသည့်အကျင့်၊ အစာမစားမီ လက်ဆေးသည့် အကျင့်တို့ကိုလည်း စွဲစွဲမြဲမြဲကျင့်သုံးရန်အတွက် ပညာပေးစည်းရုံးခြင်းများပြုလုပ်ရန် အထူးလိုအပ်ပါသည်။ အထူးသဖြင့် ကျောင်းနေစဉ်အရွယ် ကလေးသူငယ်ဘဝမှစတင်၍ လက်သန့်ရှင်းသည့် အလေ့အထ စွဲမြဲသွားမည်ဖြစ်ပါသည်။ "ကျန်းမာခြင်းအစ၊ လက်သန့်ရှင်းရေးက" ဟူသော ဆောင်ပုဒ်ကိုပါ ပူးတွဲသတ်မှတ်ခြင်းဖြင့် ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လက်သန့်ရှင်းမှုအတွက် ဆော်ဩစည်းရုံးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

သို့မှသာ ယင်လုံအိမ်သာ လူဦးရေလွှမ်းခြုံမှုသည် လက်ရှိ၉၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း (သို့) ရာနှုန်းပြည့် ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

★ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သွားသာရုံဖြစ်ရုံမက အကွေ့အကောက် အတက်အဆင်းတို့ကြောင့် ပန်းခင်းလမ်းမညည်ခဲ့ပါ။ သည်ကြားထဲ လက်နက်ကိုင် ဆန့်ကျင်ရေးတွေလည်း ရှိခဲ့သောကြောင့် ဒေသသားတို့အဖို့ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာဆိုသည်မှာ သန်းခေါင်ယံထဲ၌ မှောင်မြဲဝယ် မှောင်ဆဲနှင့် မှောင်လတ္တံ့သာ ဖြစ်ခဲ့ရပါသည်။

ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီး သည်မှာဘက်ကာလများရောက်လာမှသာ ဒေသခံများအဖို့ ငြိမ်းချမ်းရေး ...တဲ့။ ဖွံ့ဖြိုးရေး...တဲ့။ အတန်းကျောင်း ...တဲ့။ ဆေးပေးခန်း ...တဲ့။ လမ်းတံတား ...တဲ့။ ရထားလမ်း ...တဲ့ဟု တဲ့သံတွေညံဝေစွာ ကြားလာကြရပါကုန်၏။

(စ)

"တပည့်တော် မိုင်းစိတ်ရွာကပါဘုရား။ လွိုင်လင်မှာ ကိစ္စလေးတစ်ခုရှိလို့ တက်လာရင်း ဆရာတော်ဆီ ရောက်လာတာပါဘုရား"

မြင်ဖူးခဲ့သော ဆရာတော်ငယ်တစ်ပါးဖြစ်ပါသည်။ ဤအရှင်တို့က အာဝါသိကဝတ်(ကျောင်းနေဝတ္တရား)ပြုရင်း၊ သိက္ခာဝါမေးရင်း၊ သာသနာရေးရာများ ပြောဆိုရင်း ရထားလမ်းအကြောင်း မေးကြည့်မိ၏။

"အခုဆို ရထားလမ်းက မိုင်းစစ်အထိ ပေါက်နေပြီနော်"

"မှန်ပါ၊ တပည့်တော် မိုင်းစစ်ကနေ နမ့်စန်ကို ရထားစီးလာပြီး နမ့်စန်ကမှ ကားနဲ့တက်လာတာပါဘုရား။ ဒီရထားလမ်းမပေါက်ခင်တုန်းကတော့ မိုင်းစစ် ကနေ မိုင်းပွန်ကိုသွား၊ မိုင်းပွန်ကမှ လွိုင်လင်ကို ကားစောင့်စီးဆိုတော့ ခရီးကြာပါတယ်။ အခုတော့ မြန်နေပါပြီဘုရား"

"အဲဒီရထားလမ်းကို တပ်မတော်သားတွေလုပ်အားနဲ့ ဖောက်နေတာ မဟုတ်လား"

"မှန်ပါတယ်ဆရာတော်။ တပ်မတော်သားတွေလုပ်အားနဲ့ ဖောက်နေကြတာပါ။ အခုမှ တပည့်တော်တို့လည်း တပ်မတော်သားတွေနဲ့ နီးနီးကပ်ကပ်ရှိနေလို့ အခုမှပဲ တပ်မတော်သားတွေအကြောင်း ကောင်းကောင်းကြီး ကိုယ်တွေ့သိရပါတော့တယ်။ တကယ်တော့ တပ်မတော်သားတွေဟာ အလွန်အပင်ပန်းခံပြီး ဒေသခံတွေရဲ့အကျိုးကို သယ်ပိုးပေးနေတဲ့ ဒကာတွေပါ ဘုရား"

ဆရာတော်ငယ်က ဆက်လျှောက်ထား၏။

"အခု မိုင်းစစ်ကနေ ကောင်းဆိုင်အထိ သံလမ်းခင်းပြီးပြီဘုရား။ သံလမ်းအရှည်ကြီး၊ အလေးကြီးကို တပ်မတော်သားတွေ ဝိုင်းထမ်းပြီး တာပေါင်ပေါ်အရောက် ထမ်းတင်ရတာ။ တကယ့်ကို ချွေးစက်စက် ကျတယ်ဘုရား။ ကိုယ်တွေ့ပါ ဆရာတော်"

ထိုဆရာတော်ငယ်၏ ကိုယ်တွေ့ ချွေးစက်သံလမ်းအကြောင်း နားစိုက်ရင်း ဤအရှင်တို့ ရင်တွင်းသို့ ကာရန်တစ်ပုဒ် တိုးဝှေ့လာလေ၏။ ကာရန်၏ အသံကို ရင်ထဲမှာ ညံညံဝေ ကြားနေရလေ၏။ နားက ဆရာတော်ငယ်၏ စကားသံကို အာရုံစိုက်ရင်း၊ နှလုံးသားက ကာရန်၏အသံကိုအာရုံစိုက်ရင်း စိတ်မျက်ဝန်းကမူ ဂျုံးဂျုံးဂျက်ဂျက် အသံပေးကာ ထွက်ခွာလာသော ချွေးစက်သံလမ်းပေါ်မှ မီးရထားကြီးကို မငြီးတမ်း မြင်ယောင်နေပါတော့သတည်း။

(ဆ)

ဂျုံးဂျုံးဂျက်ဂျက်၊ ခရီးထွက်ပြီ
ချွေးစက်သံလမ်း အပေါ်မှာ။
နေရောင်အလက်၊ ပြိုးပြိုးပြက်ပြီ
ချွေးစက်သံလမ်း အပေါ်မှာ။ ။

ရွှေဘိုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၁၉၅၇ မှ ၁၉၈၁ခုနှစ်ထိ ရွှေဘိုစိုက်ပျိုးမွေးမြူရေး အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားပေးခဲ့ကြသော (အငြိမ်းစားယူပြီး) ဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီတွင် ရွှေဘိုခရိုင် ဝါစိုက်ပျိုးရေး စည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ဒေါက်တာမြင့်သောင်း ရေဇင်း ၁၆၇–၂၁၀၉၈၊ ဦးအောင်မောင်း ရွှေဘို ၀၇၅–၂၁၀၇၀၊ ဦးမောင်ဝေ ရန်ကုန် ၀၁–၂၂၁၅၃၅၊ ဦးခင်မောင်စန်း မန္တလေး ၀၂–၆၁၁၇၀၊ ဦးကျော်တင့် စစ်ကိုင်း ၀၇၂–၂၁၆၂၂၊ ဦးကောင်းဋ္ဌေး ကန့်ဘလူမြို့ စိုက်ပျိုးရေးရုံး၊ ဦးသောင်းဗိုလ် ရေဦးမြို့ စိုက်ပျိုးရေးရုံး၊ ဦးသိန်းအောင် ဝက်လက်မြို့ ၁၂၁၊ ဦးကျော်မင်းအောင် မုံရွာမြို့ ၀၇၁–၂၂၃၁၇၊ ဦးစိန်လင်း သထုံမြို့ ၀၅၇–၄၀၂၅၇၊ ဦးခင်ညို ရွှေဘိုမြို့ ၀၇၅–၂၁၂၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဖေဖော်ဝါရီ ၁၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အာရှနှင့် ပစိဖိတ်ဒေသညွှန်ကြားရေးမှူး Mr. Jean Maric Sakhouriအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

☆ **မြို့ကြီးပြကြီးမှ**

အင်ဂျင်နီယာသင်တန်းမှကျောင်းသား မောင်အောင်မြတ်စိုးနှင့် ပထမနှစ် လျှပ်စစ်(စွမ်းအား) အင်ဂျင်နီယာ သင်တန်းမှ ကျောင်းသူ မငြိမ်းနန္ဒာ အောင်တို့က ပင်မဆောင်ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှု သိပ္ပံ(မိုးညှင်း) ဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ပင်မဆောင်ရှေ့၌ ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့်ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့်ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ပေးအပ်

ထို့နောက် အစိုးရစက်မှုလက်မှု သိပ္ပံ(မိုးညှင်း)အတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် မော်တော်ယာဉ်နှင့် စပ်လျဉ်းသည်များကို တိုင်းမှူးက ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ ပင်မဆောင်ရှိ ကမ္ဘည်းမော်ကွန်း ကြေးပြားဖွင့်လှစ်ခြင်းအစီအစဉ်ကို ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ကမ္ဘည်းမော်ကွန်း ကြေးပြားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဘည်းမော်ကွန်း ကြေးပြားကို နံ့သာရည်များပက်ဖျန်း ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ရှိ Language Lab e -Library စာသင်ခန်းများ၊ Drawing Room နှင့် Computer Training Centre တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ဖွင့်ပွဲအစီအစဉ်များကိုကျင်းပရာ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ကချင်ပြည်နယ်၏ အဓိကအချက်အချာဖြစ်သည့် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့သည် ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် တက္ကသိုလ်၊ ကောလိပ်များဖြင့် စည်ကားသိုက်မြိုက်စွာ တည်ရှိနေသည့်အချိန်တွင် လူဦးရေများပြားပြီး စီးပွားရေးအရ ကချင်ပြည်နယ်အတွက် အရေးပါသည့် မိုးညှင်းဒေသ၌လည်း ဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ထူထောင်ဖွင့်လှစ်ပြီး လိုအပ်သည့် ပညာတတ်များ မွေးထုတ်နိုင်အောင် စီမံပေးသင့်သည်ဆိုသည့် ဖြူစင်သောစေတနာ၊ ယုံကြည်ချက်ဖြင့် လုပ်ကိုင် ဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ စက်မှုလက်မှုသိပ္ပံ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ မနက်ဖြန်ဆိုလျှင် မိုးညှင်းဒီဂရီကောလိပ်ကို ယခုလိုပင် ခမ်းခမ်းနားနား ဖွင့်လှစ်ဦးမှာ ဖြစ်ကြောင်း။

ကချင်ပြည်နယ်၌ သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့အရင်းအမြစ်များ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် မြစ်ကြီးနားနှင့်ဗန်းမော်၌ နည်းပညာကောလိပ်နှစ်ကျောင်း၊ ကွန်ပျူတာကောလိပ် နှစ်ကျောင်းနှင့် မိုးညှင်း၌ အစိုးရ စက်မှုလက်မှုသိပ္ပံ တစ်ကျောင်း၊ စုစုပေါင်း အဆင့်မြင့်ကျောင်းပေါင်း ငါးကျောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ကွက်လပ်မကျန်

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ တိုင်း ၁၄ခုဖြင့် တည်ရှိသည့် အမိပြည်ထောင်စု နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊ တည်ဆောက် အကောင်အထည်ဖော်ထားပြီးဖြစ်သည့် နိုင်ငံတော်၏ တိုးတက်မှု ရလဒ်ကောင်းများကို အနာဂတ် ကာလအထိ ထိန်းသိမ်းသယ်ဆောင်နိုင်ရေး စသည့် ရည်မှန်းချက်များဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ် ငါးရပ်နှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုပြီး ဖွံ့ဖြိုးရေးစီမံကိန်း သုံးမျိုးချမှတ်ပြီး ကွန်ရက်သဖွယ် ဆက်စပ်ဆက်နွယ်ပြီး ပြည်ထောင်စုကြီး၏ ဒေသအားလုံး မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာအောင် အားထည့်လုပ်ကိုင်လျက်ရှိကြောင်း။

စည်ကားစွာရပ်တည်လာ

ထို့ကြောင့်လည်း ပြည်နယ်/တိုင်းများ၌ ဖွံ့ဖြိုးရေးဒေသများ ပေါ်ထွက်လာပြီး တက္ကသိုလ်၊ ကောလိပ်စသည့် လူ့အရင်းအမြစ်ပြုစုပျိုးထောင်ရာ၊ စောင့်ရှောက်ရာ အဖွဲ့အစည်းများ၊ အဆင့်မြင့် ဆေးရုံများဖြင့် စည်ကားစွာ ရပ်တည်လာနေပြီ ဖြစ်ကြောင်း။

ဒေသအလိုက်တွင် နေထိုင်ကြသည့် အဆင့်မြင့်ပညာ သင်ကြားလိုသူတိုင်းအတွက် လက်လှမ်းတမီ ပညာသင်ကြားနိုင်ခွင့်များရရှိနေပြီဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးပြကြီးများမှာသာ သွားရောက်ပြီး အဆင့်မြင့်ပညာသင်ကြားရသည့် ပညာရေးစနစ်ဟောင်းသည် ချုပ်ငြိမ်းသွားပြီး ပညာသင်ကြားမှုအခွင့်အလမ်းများသည် ဒေသအလိုက်၊ နယ်မြေအလိုက် ပိုမိုကျယ်ပြန့်ပွားများလာလျက်ရှိကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ထို့အတူ နိုင်ငံတော်၏ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာပြီး မြို့နှင့်ကျေးလက်အကြား ဆူကြို့အနိမ့်အမြင့် ကွာဟမှုလျော့နည်း ကျဆင်းမှသာ တိုင်းပြည်သည် အမှန်တကယ် အပြည့်အဝ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ငါးရပ်ကို ချမှတ် အကောင်အထည်ဖော်လျက် ရှိနေသည့်အခြေအနေကို တိုင်းရင်းသား ပြည်သူများအသိပင်ဖြစ်ကြောင်း။

ဤကဲ့သို့ စီမံကိန်းများချမှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် နယ်ပယ်အားလုံး ဖွံ့ဖြိုးအောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဓိက အနှစ်သာရမှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသား အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းနိုင်ရန်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ဖွင့်ပွဲအခမ်းအနားတွင် ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဆန်စက်အပိုပစ္စည်း ထုတ်လုပ်ရေး စက်ရုံနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ စက်ရုံများ စစ်ဆေး

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သနေ့ မွန်းလွဲ၁၂နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိလာရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး င်မောင်ကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆန်စက်အပိုပစ္စည်း ထုတ်လုပ်ရေး စက်ရုံ၏ ရော်ဘာကြိတ်လုံးစက်ရုံနှင့် ဆန်ဖြူကျောက်ဆံစက်ရုံတို့မှ ထုတ်လုပ်သည့် ရော်ဘာကြိတ်လုံးနှင့် ဆန်ဖြူကျောက်ဆံ မှုနာများ၊ ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဆန်စက်အပိုပစ္စည်း ထုတ်လုပ်ရေး စက်ရုံ၏ တည်နေရာ၊ ဆန်စက်သုံး ရော်ဘာကြိတ်လုံးနှင့် ဆန်ဖြူကျောက်ဆံတို့ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်ရုံမှူး ဦးထင်အောင်က ရော်ဘာကြိတ်လုံးနှင့် ဆန်ဖြူကျောက်ဆံ ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စံအိမ်နီအင်တာနေရှင်နယ် ထရေဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက SUN အမှတ်တံဆိပ်ဖြင့် ဆန်စက်သုံး ရော်ဘာကြိတ်လုံးများကို စံချိန်စံညွှန်းမီစွာဖြင့် ထုတ်လုပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံရှိ ဆန်စက်များနှင့် ဆန်စက်သုံး ရော်ဘာကြိတ်လုံး လိုအပ်မှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အားပေးမှာကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရော်ဘာကြိတ်လုံးစက်ရုံ (Rubber Roll Factory)သို့ သွားရောက်ပြီး ရော်ဘာကြိတ်လုံး ထုတ်လုပ်ပုံလုပ်ငန်း အဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ရော်ဘာကြိတ်လုံးများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ အားပေးမှာကြားသည်။

စံအိမ်နီ အင်တာနေရှင်နယ် ထရေဒင်းကုမ္ပဏီလီမိတက်က ပြည်ပသွင်းကုန်အစားထိုးအဖြစ် အရည်အသွေးမီ ကြိတ်ခွဲအားကောင်းသည့် ၁၀လက်မနှင့် ခြောက်လက်မ ရော်ဘာကြိတ်လုံးများကို ထုတ်လုပ်လျက်ရှိသည်။

၁၀လက်မ ရော်ဘာကြိတ်လုံး တစ်လုံးဖြင့် စပါးတင်း ၃၅၀၀ ကြိတ်ခွဲနိုင်ပြီး ခြောက်လက်မ ရော်ဘာကြိတ်လုံး တစ်လုံးဖြင့် စပါးတင်း ၁၈၀၀ ကြိတ်ခွဲနိုင်ကြောင်းသိရသည်။

ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆန်ဖြူကျောက်ဆံစက်ရုံ (Abrasive Roll Factory) ကို ဝင်ရောက်ပြီး ဆန်ဖြူကျောက်ဆံ ထုတ်လုပ်သည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြည်ပနိုင်ငံထုတ် တစ်နေ့ ခြောက်တန်ကျ ဆန်စက်ငယ်နှင့် ဆန်စက်ငယ်၏ စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်းကောင်း၊ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက ထုတ်လုပ်ထားသည့် ၁၀ တန်ကျ ဆန်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

စပါးခွံဓာတ်ငွေ့

ဆက်လက်၍ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များ အားပေး မှာကြားသည်။

ထို့မှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန်(၁) မန္တလေးလမ်းရှိ ဦးအောင်မင်း စက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လုပ်ငန်းပိုင်ရှင် ဦးအောင်မင်းက မြေတူးစက် ပြုပြင်နေမှုအခြေအနေများကို ရှေးဦးစွာ ရှင်းလင်းပြသသည်။

မှာကြား

ဆက်လက်၍ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများတွင် အသုံးပြုသည့် ကြေးဘယ်ရင်ဘွတ်များ၊ လေးလက်မ၊ ခြောက်လက်မနှင့် ရှစ်လက်မ ရေပန့်များ၊ လေးလက်မ၊ ခြောက်လက်မ သဲစုပ်ပန့်များ၊ တွင်းတူးပန့်များ၊ ၁၂လက်မ မိုဘိုင်းပန့်များကို လည်းကောင်း၊ လုပ်ငန်းသုံးစက် ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း လှည့်လည်ရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ အားပေးမှာကြားသည်။

ဦးအောင်မင်း စက်မှုလက်မှု လုပ်ငန်းက လယ်ယာလုပ်ငန်းသုံး၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသုံးနှင့် ပုစွန်မွေးကန်သုံး ပန့်အမျိုး… စက်မှုပစ္စည်းအမျိုးမျိုးကို ထု… ဖြန့်ဖြူးလျက်ရှိကြောင်း သိရ…

ထို့နောက် အတွင်းရေးမှူး(… အဖွဲ့ဝင်များသည် မန္တလေး… ရူဝံ လျှပ်စစ်ပစ္စည်း ထုတ်လု… လုပ်ငန်းကိုလည်း ဝင်ရောက်… စစ်ဆေးအားပေးရာ မန်နေ… ဒါရိုက်တာ ဦးအောင်ကြည်… ရူဝံအမှတ်တံဆိပ်ဖြင့် လျှပ်စစ်… အမျိုးမျိုးထုတ်လုပ်နေမှုကို ရှင်း… ပြသသည်။

ရူဝံ လျှပ်စစ်ပစ္စည်းထုတ်လု… လုပ်ငန်းက ဗို့အားမြှင့်စက်၊ … တာ၊ ဘက်ထရီ အားသွင်… လျှပ်စစ်မီးဖိုနှင့် အော်တိုချုပ်မ… ထုတ်လုပ်လျက်ရှိသည်။

ထို့မှတစ်ဆင့် အတွင်းရေးမှူး(… အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(… ပိုင်း) စက်မှုဇုန်(၂) ချောင်းသာ… Mectronic General Elect… Products သို့ ရောက်ရှိ… ဧည့်ခန်းဆောင်၌ မန်နေဂျင်းဒါရိုက်… ဦးဝင်းနိုင်က Mectronic … တံဆိပ်ဖြင့် လျှပ်စစ်ပစ္စည်းထုတ်… အခြေအနေများကို ရှင်းလင်း… သည်။

ထို့နောက် Antenna၊ S… guard၊ Transformer၊ Inve… Battery Charger များ ထု… နေမှုနှင့် ၂၀၀၄ခုနှစ်တွင် စတင်… လုပ်သည့် Solid State AC… tomatic Voltage Regulat… Protector ထုတ်လုပ်မှုတို့ကို … ရှိသူများက လှည့်လည်ရှင်းလင်း… ကြသည်။

ယင်းနောက် အတွင်းရေး… ဒုတိယ ဗိုလ်ချုပ်ကြီး စိုး… ကုန်ကြမ်းပစ္စည်း ရရှိရေးနှင့် … လိုအပ်ချက်များကို ညှိနှိုင်းမှာကြ… ညနေပိုင်းတွင် ဒဂုံမြို့သစ်(… ပိုင်း) မြို့နယ် စက်မှုဇုန်မှ ပြန်… ထွက်ခွာသွားသည်။ (သတင်…

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ဆန်စက်အပိုပစ္စည်း ထုတ်လုပ်ရေးစက်ရုံတွင် လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ကြက်ဥ၊ ကြက်သား စနစ်တကျစားသုံးနိုင်ရေး ပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်(ဗဟို)တို့ ညှိနှိုင်း၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်တိုင်း)၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ကြက်ဥ၊ ကြက်သား စနစ်တကျ စားသုံးနိုင်ရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ သဘာပတိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူသူများက ရောဂါကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းလှက ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကာကွယ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာကျော်မိုးက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့်ဆွေးနွေးကြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက ဖြည့်စွက်ရှင်းလင်း ပြောကြား၍ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်တိုင်း)ဥက္ကဋ္ဌ ဦးအုန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာန… (၄၀၀)ပြည့်အထူးထုတ်…

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့က အကောင်တစ်… ခန့် လင်းနို့အုပ်ကြီး လူတို့အားဒ… ပြုနေ၊ ကြက်ငှက်တုပ်ကွေး… ဒုက္ခမရောက်ရလေအောင်၊ e-… အသုံးပြုသူများ သတိပြုဖွယ်၊ တစ်… ဆန်းလာသည့် အိမ်မွေးတိရ… ဈေးကွက်၊ ရန်ကုန်မှာ အင်တာ… အသုံးပြုသူများလာ၊ အံ့ဖွယ်ထိ… လှုပ်စေတီ၊ ထက်ထက်မိုးဦး ရ… ထုတ်လုပ်ပြီ၊ ဘစ်ဘင်နာရီစင်… ဆွေမျိုးတော်စပ်သည့် ပြင်ဦ… နာရီစင်ကြီး၊ ခုနစ်နှစ်သား ပန်းချီ… လေး၏ ဒုတိယအကြိမ် ပန်းချီ… ကျော်ကြားသူများ၏ ၄၀၀… ပြည်မြန်မာ အမှတ်တရနှင့် လ… ကြီးပိုင်းထဲက မင်္ဂလာဆောင် စ… ပြည်တွင်း၊ ပြည်ပသတင်းမျ… ပြည်မြန်မာသတင်းဂျာနယ် … (၄၀၀)ပြည့် အထူးထုတ်ကို ပုံမှန်… စာမျက်နှာ ၁၆မျက်နှာတို့၏ … အဖုံးသုံးထပ်ဖြင့် ပုဇွန်တောင်မြ… ရေကျော်လမ်း အမှတ်(၉) သုတ… စာအုပ်တိုက်က ဖြန့်ချိထားသ…

(ဝဲပုံ) (…

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၂–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း:

၇:၀၀ ၁။ **အဘိဓမ္မ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း:

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ **မြန်မာဗီဒီယိုဓာတ်လမ်း အလွမ်းမဲ့မျက်ဝန်း (ဝေဠုကျော်၊ဝိုင်း၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ–ကိုမျိုးထူး)**
၁၂:၅၀ ၃။ Milo Success in Soccer.
၁:၀၀ ၄။ **ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်လူငယ် ချန်ပီယံမြန်မာ (ဗိုလ်လုပွဲ) (မြန်မာနှင့်အိန္ဒိယ)**
၂:၁၀ ၅။ **နိုင်ငံခြားဓာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း–၁၆)**
၂:၄၅ ၆။ International News.
၃:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း:

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၁၅ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၅ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၈။ ညနေခင်းသတင်း
၇:၀၀ ၉။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၀။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၇:၁၅ ၁၁။ **ပထမအကြိမ် ဘင်းမ်စတက် လူငယ်ဘောလုံးပြိုင်ပွဲ ချန်ပီယံ ဂုဏ်ပြုဆွေးနွေးခန်း (အပိုင်း–၂)**
၇:၃၀ ၁၂။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ တစ်နံတစ်လျား အလှစုံညီ မြန်မာပြည် (အပိုင်း–၂)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည် ဂုဏ်ပြုအငြိမ့် [မင်းသမီး–ခိုင်သဇင်သင်း။ စုလေးညို၊ လူရွှင်တော်–ရော။ ဝင်းနိုင်(အနုပညာ)၊ ထင်ပေါ်၊ ငွေတောင်၊ အုန်းသီး၊ ဗေဒါ]**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ဒါနဥပပါရမီ သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၆၄)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ရက်(စနေနေ့)တွင် သွေးလှူရှင်များ စာရင်းပေးသွင်း၍ သွေးလှူရှင်နံပါတ်များ လာရောက်ထုတ်ယူနိုင်သည်ဟု သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြစ်ကြီးနားခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအခြေခိုင်မာ ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုအခြေခံကောင်းများရရှိသကဲ့သို့ ဒေသအလိုက် သိသာစွာတိုးတက် လုပ်ငန်းတာဝန်များအရ ဆောင်ရွက်ရာ၌ ဖြစ်ပေါ်တတ်သောအားနည်းမှုများ အချိန်မီပြုပြင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဖေဖော်ဝါရီ ၉ရက် ညနေ ၃နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

မှာကြား

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌ ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်က ခန့်အပ်တာဝန်ပေးထားသော ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်ကြောင်း။

တပ်မတော်အစိုးရအနေဖြင့် တိုင်းပြည်၏တာဝန်များကို ရယူပြီးနောက် ခေတ်ပြောင်းစနစ်ပြောင်း လုပ်ငန်းတာဝန်များအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာ၌ နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့များ၏ တက်တက်ကြွကြွ၊ တာဝန်သိသိ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုတို့ကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှုအသီးအပွင့်များ ထင်ထင်ရှားရှား ရရှိလာခြင်းဖြစ်ကြောင်း။

သိသာစွာဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခိုင်မာလာပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု အင်အားကိုလည်း တည်ဆောက်လာနိုင်ကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိသကဲ့သို့ နယ်မြေဒေသအလိုက်လည်း သိသာစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

ခေတ်ပြောင်း၊စနစ်ပြောင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စများ များပြားသည့်အပြင် လုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ရခြင်းဖြစ်၍ အဆင့်အလိုက် တွန်းတွန်းတိုက်တိုက် ညီညီညွတ်ညွတ် အားထည့်လုပ်ကိုင်ဆောင်ရွက်နိုင်၍သာ ယခုကဲ့သို့ အောင်မြင်မှုရရှိနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီး နန်းကွေ့ချောင်းကူး သစ်သားတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အချိန်မီပြုပြင်

တစ်ဖက်မှ တိုးတက်အောင်မြင်မှုများရရှိနေသကဲ့သို့ တစ်ဖက်မှလည်း လုပ်ငန်းတာဝန်များအရ လုပ်ကိုင်ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လာတတ်သော ချို့ယွင်းအားနည်းမှုများကိုလည်း အချိန်မီ ပြုပြင်သွားကြရမှာဖြစ်ကြောင်း။

ရပ်ကွက်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တို့သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်၍ ပြောမှား၊ ဆိုမှား လုပ်ကိုင်ပုံမှားသွားပါက နိုင်ငံတော်အဆင့်အထိ ရောင်ပြန်ဟပ်နိုင်ကြောင်း။

အထူးသဖြင့် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအဆင့်သည် ပြည်သူများနှင့်အတူ အနီးစပ်ဆုံး ဆက်ဆံနေရရာ ပြည်သူအပေါ် ဖိစီးမှု၊ မလေးမစားပြုမှုများ မပြုလုပ်မိစေရန် အထူးသတိထားရမှာဖြစ်ကြောင်း။

သတိထားရန်လို

မိမိတို့သည် ပြည်သူထဲမှ ပြည်သူများပင်ဖြစ်ရာ ပြည်သူနှင့် နီးပါလျက် ဝေးနေသည့်အဖြစ်မျိုး၊ ပြည်သူက မိမိတို့အပေါ် အမြင်မကြည်လင်သည့်အဖြစ်မျိုး မပြုမိစေရန် သတိထားရန်လိုကြောင်း။

တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်၊တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ တစ်ခရိုင်နှင့် တစ်ခရိုင် ကောင်းမွန်သည့်အတွေ့အကြုံများကို ရယူတတ်ရမှာဖြစ်ကြောင်း၊ အချောင်ခိုလိုစိတ်၊ မေ့မေ့လျော့လျော့ သက်သာသလိုနေလိုစိတ်၊ အခွင့်အရေးမျှော်ကိုးသည့်စိတ်တို့ကို ထိန်းချုပ်ဖယ်ရှားရန်လိုကြောင်း။

သို့မှသာ ရပ်ကျိုးရွာကျိုးကို စေတနာဖြင့် ထမ်းဆောင်နေသော မိမိတို့ စေတနာ့ဝန်ထမ်းဘဝ၏ မွန်မြတ်သောဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်မှာ ဖြစ်ကြောင်း ဖြင့် ရှင်းနီးစွာ ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီး နန်းကွေ့ချောင်းကူး သစ်သားတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြပြီး တာဝန်ခံကျောင်းအုပ် ဒေါ်ခင်သန်းမြနှင့် ဆရာ၊ဆရာမများအား တွေ့ဆုံမှာကြားအားပေးပြီး အတွင်းရေးမှူး(၁)က တာဝန်ခံကျောင်းအုပ်အား ကွန်ပျူတာနည်းပညာသင်ကြားရေးဆိုင်ရာ စီဒီချပ်များကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၀ မှ
တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်တို့နှင့်အတူ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံက ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး ကွန်ပျူတာခန်းကိုလည်းကောင်း၊ ကျေးရွာ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးဝင်းအတွင်း ပြုစုထားသည့် ပျိုးဥယျာဉ်ကို ကြည့်ရှုကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းတွင် မိုးကောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး မဏ္ဍူသကခန်းမ၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီးက ကျောင်း၏သမိုင်းအကျဉ်း၊ ကျောင်းအဆောက်အအုံဆိုင်ရာများ၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပံ့ပိုးငွေပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက် မတည်ပံ့ပိုးငွေများကို မြို့နယ်ပညာရေးမှူး ဒေါ်မွန်မွန်လေးအား ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား မှာကြားနှုတ်ဆက်သည်။

ထို့နောက် မိုးကောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ရတနာခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်းအဆောက်အအုံဆိုင်ရာများ၊ ပညာသင်ကြားရေးဆိုင်ရာကိစ္စများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားကောင်းမွန်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီးဦးမျိုးညွန့်တို့က ကျောင်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက် မတည်ပံ့ပိုးငွေများကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁နာရီခွဲတွင် မိုးကောင်းမြို့နယ် ပင့်သာကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကိုယ့်အားကိုယ်ကိုး

နမ္မနကျေးရွာ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဘငွေ၊ တာဝန်ရှိသူများနှင့် တိုင်းမှူးတို့က ကျေးရွာများ၌ ရေအားလျှပ်စစ်မီးရရှိရေး လုပ်ငန်းအခြေအနေကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မိုးညှင်းမြို့သို့သွားရောက်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့သို့ ဆက်လက် သွားရောက်ကြပြီး မြစ်ကြီးနား-ရွှေဘို-မန္တလေး ကားလမ်းအခြေအနေကိုလည်းကောင်း၊ လမ်းတွင်တံတားငယ်များ ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ညနေ၄နာရီတွင် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မိုးညှင်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ရာ ဆရာဝန်၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး မြို့နယ်ဆေးရုံ အဆောက်အအုံသစ်ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ကျေးလက်ဒေသ မီးလင်းရေးအတွက် အသုံးပြုမည့် ရေအားလျှပ်စစ်ထုတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြို့မိမြို့ဖများ၊ မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ရက်တွင် မော်တော်ယာဉ်များဖြင့် မိုးညှင်းမြို့မှ မြစ်ကြီးနားမြို့သို့ ထွက်ခွာခဲ့ကြပြီး မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အဘိဓမ္မာသင်တန်း ပို့ချချက်များဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အရှင်သီလာနန္ဒာဘိဝံသ (D-Litt)၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၏ အဘိဓမ္မာသင်တန်း ပို့ချချက်များ (ဒုတိယတွဲ) **(ယာပုံ)** ကို ရဲအောင်စာပေ အမှတ်(၂) ချွန်း(၁)လမ်း ပုသိမ်ညွှန့် ရန်ကုန်မှ ဖြန့်ချိလိုက်ကြောင်း သိရသည်။

(က-ပ)

အမျိုးသား တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၂ရက် စတင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသား တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၅၅)နှစ်အထက် တစ်ဦးချင်း ပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၆၀)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ ဖေဖော်ဝါရီ ၂၀ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။ (သတင်းစဉ်)

● စာမျက်နှာ ၈ မှ

ထို့ကြောင့် မိုးညှင်းဒေသမှ တိုင်းရင်းသား ပြည်သူများသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာနှင့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်အားလုံးတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စတင်သင်ကြားနိုင်

မိုးညှင်း အစိုးရစက်မှုလက်မှုသိပ္ပံ၌ ခုံညားထည်ဝါသည့် စာသင်အဆောက်အအုံကြီး တည်ရှိနေပြီဖြစ်ပြီး မြို့ပြ၊ လျှပ်စစ်၊ အီလက်ထရောနစ်၊ စက်မှု၊ စက်မှုပုံစံပြု၊ သတင်းအချက်အလက်နည်းပညာစသည့် ဘာသာရပ်ခြောက်မျိုးကို စတင်သင်ကြားနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်အတွက်၊ ဒေသအတွက် အမှန်တကယ် လိုအပ်သော အင်ဂျင်နီယာ အတတ်ပညာရှင်များမွေးထုတ်နိုင်အောင် ကြိုးစားကြရန်သာ လိုတော့ကြောင်း။

အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြည့်စုံသည့် အောင်မြင်မှုရှိသည့် စက်မှုလက်မှုသိပ္ပံအဖြစ် ရပ်တည်လာနိုင်အောင် ဆရာများရော၊ ကျောင်းသား၊ ကျောင်းသူများပါ အပတ်တကုတ် ကြိုးစားကြရမှာဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများကမိမိတို့တတ်သိသည့်ပညာကို ပိုမိုတိုးပွားအောင်၊ ပိုမိုကျွမ်းကျင်အောင် ဆက်လက်ဆည်းပူးလေ့လာနေရမှာဖြစ်သကဲ့သို့ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကိုလည်း ထူးချွန်ထက်မြက်သော ပညာတတ်များဖြစ်အောင် ပျိုးထောင်လေ့ကျင့် သင်ကြားပေးကြရမှာဖြစ်ကြောင်း၊ စာသင်ခန်းဆောင်အတွင်းမှာသာ ကန့်သတ်ထားသည့် သင်ကြားမှုသင်ယူမှုမျိုး မဖြစ်စေဘဲ ပြင်ပ စက်မှုလုပ်ငန်းများနှင့် လက်တွေ့ ဆက်စပ်ပူးပေါင်းသင်ကြားရေးကို ဦးတည်သွားကြရမှာဖြစ်ကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုတစ်ခွင်၌ နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ လေကြောင်းနှင့်အာကာသ ပညာတက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရ ကွန်ပျူတာကောလိပ်၂၃ခုနှင့် မိုးညှင်းစက်မှုလက်မှုသိပ္ပံ အပါအဝင်သိပ္ပံ ၁၁ ခု ဖွင့်လှစ်ထားပြီး ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို သင်ကြားလေ့လာနိုင်အောင် စီမံထားပြီး ဖြစ်ကြောင်း။

အချိန်နှင့်တစ်ပြေးညီရယူ

ယနေ့ခေတ်ကာလသည် သိပ္ပံနှင့် နည်းပညာရပ်များ၊ အီလက်ထရောနစ်နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုများ ကြီးမားကျယ်ပြန့်ပြီး လျင်မြန်သည့် အရှိန်အဟုန်ဖြင့် သွားနေသည့် ကာလဖြစ်ကြောင်း၊ ဤကဲ့သို့ နည်းပညာတိုးတက်ပြောင်းလဲမှုသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ် အသီးသီးကိုပါ ထိရောက်စွာ လွှမ်းမိုးရိုက်ခတ်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူတတ်မြောက်ပြီး အသုံးချနိုင်ရန်အထူးအရေးကြီးလျက်ရှိကြောင်း။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် မိုးညှင်းစက်မှုလက်မှုသိပ္ပံသည် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာပြီး နောင်အနာဂတ်၌ ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်ကောင်းများ မိုးညှင်းဒေသမှ ပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်သွားကြရင်းဖြင့် အဆောက်အအုံကြီး ခုံညားထည်ဝါသလို သိပ္ပံကျောင်း၏ ဂုဏ်သိက္ခာကိုလည်း တိုးမြှင့်ထည်ဝါအောင် ဝိုင်းဝန်း သယ်ဆောင်ကြပါလို့ မှာကြားလိုကြောင်း၊ ကမ္ဘာ့သမိုင်းကြောင်းဖြစ်စဉ်အရ (၂၁)ရာစုအတွင်း ကမ္ဘာကြီးကို တစ်ည်းတလုံးတည်း ကျစ်လျစ်သိပ်သည်း ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာကြီးဖြစ်ရေး လမ်းကြောင်းပေါ်သို့ ဦးတည်နေချိန်တွင် မိမိတို့ကလည်း သိပ်သည်းကျစ်လျစ်စည်းလုံးသောအားဖြင့် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးဆိုသည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တညီတညွတ်တည်း တက်ကြွကြွ ကြိုးပမ်းပါစို့ဟု တိုက်တွန်းပြောကြားသည်။

❍ အတွင်းရေးမှူး(၂)မှ

မြို့ပတ်ရထားဖြင့် ရန်ကုန်ဘူတာကြီးမှ တစ်ဆင့် ဘုရားလမ်းဘူတာ၊ လမ်းမတော်ဘူတာ အပါအဝင် ဘူတာစဉ်အတိုင်း စုစုပေါင်း ၃၈ ဘူတာအားလက်ဟာရစ်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်ဘူတာကြီးသို့ ညဉ့်နာရီတွင် ပြန်လည်ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထိုသို့လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်းများကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ မြို့ပတ်ရထားများအား မြစ်ငယ်စက်ရုံမှ ထုတ်လုပ်သည့် R.B.Tလူစီးတွဲသစ်များဖြင့် တိုးချဲ့ပြေးဆွဲမည့် အခြေအနေများ၊ မြို့ပတ်ရထားလမ်း တစ်လျှောက်ရှိ ဘူတာများ အမြင်တင့်တယ်စေရေးနှင့် ရထားလမ်းတစ်လျှောက်သန့်ရှင်းသပ်ရပ်စေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့၊ မြို့ပတ်ရထား လမ်းတလျှောက် ဆက်စပ်ဌာနများနှင့် သန့်ရှင်းသပ်ရပ်စေရေး လုပ်ငန်းများကို ဒေသအာဏာပိုင် အဖွဲ့အစည်းများမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ရန်ကုန်မြို့၊ မြို့ပတ်ရထားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် အမြင်တင့်တယ်စေရေးလုပ်ငန်းများ၊ ရထားလမ်းများ ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နည်းတူ နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် တွဲဆိုင်းအသစ်များ တိုးမြှင့်ထုတ်လုပ်ပြေးဆွဲရေး၊ မြို့ပတ်ရထားများ အချိန်မှန်ပြေးဆွဲရေး၊ ရထားလမ်းနှင့် ကားလမ်းကူး Level Crossing နေရာများတွင် ရထားနှင့်ကားမတော်တဆ ထိခိုက်မှု မရှိရေး တာဝန်ရှိသူများမှ စနစ်တကျ ဆောင်ရွက်ရေး၊ ညအချိန်များတွင် ခရီးသည်များ လုံခြုံစိတ်ချစွာ စီးနင်းနိုင်ရေးအတွက် ရထားတွဲများတွင် လျှပ်စစ်မီးထွန်းလင်းရေးနှင့် လုံခြုံရေးရထားရဲတပ်ဖွဲ့ဝင်များ ခရီးသည်များအား စောင့်ရှောက်ကူညီရေးတို့ကို ဂရုပြုဆောင်ရွက်ရန်နှင့် မြို့ပတ်ရထားဖြင့် သွားလာခြင်းသည် စိတ်ချမ်းမြေ့စွာဖြင့် သတ်မှတ်ချိန်ရောက်ရှိသည်ဟု ပြည်သူများခံယူလာစေရန် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ကုံကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း) အတွက်လှူဒါန်းငွေကျပ်သိန်း၂၀၀ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၁)က လက်ခံပြီး ကျောင်းအုပ်ကြီး ဦးမောင်မောင်သန့်အားလွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

စပေါင်းဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပင်မဆောင်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)၏ အကျယ်အဝန်းမှာ ၅၁ဧက ဖြစ်သည်။ ယနေ့ ဖွင့်လှစ်သည့် ပင်မဆောင်မှာ အလျားပေ၄၅၀၊ အနံပေ၂၆၀ရှိသည်။ စာသင်ခန်း၁၆ခန်း၊ ပုံဆွဲခန်း နှစ်ခန်း၊ ဓာတ်ခွဲခန်း နှစ်ခန်း၊ ကွန်ပျူတာခန်း နှစ်ခန်း၊ Multi Media ခန်း တစ်ခန်း၊ ရုံးခန်းသုံးခန်း၊ စာကြည့်တိုက်တစ်ခန်းနှင့် အစည်းအဝေးခန်းမကြီးတစ်ခန်းတို့ပါရှိသည့် ပင်မဆောင်ဖြစ်သည်။

ပေ၁၅၀ x ၆၀ရှိ အလုပ်ရုံတစ်ရုံကိုလည်း သီးခြား တည်ဆောက်ထားသည်။

သင်ကြားပေးလျက်ရှိ

အစိုးရစက်မှု လက်မှုသိပ္ပံ (မိုးညှင်း) တွင် မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်(ဆက်သွယ်) အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်(စွမ်းအား)အင်ဂျင်နီယာသင်တန်း၊ စက်မှု(စွမ်းအား) အင်ဂျင်နီယာသင်တန်း၊ စက်မှု(ပုံစံပြု) အင်ဂျင်နီယာသင်တန်းနှင့် သတင်းနှင့်နည်းပညာ အင်ဂျင်နီယာ သင်တန်းတို့ သင်ကြားပေးလျက်ရှိသည်။

သိပ္ပံကို ၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ၁၄၇ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

(သတင်းစဉ်)

တက်ကြွကြွ ကြိုးပမ်းပါစို့ဟု တိုက်တွန်းပြောကြားသည်။

ဂုဏ်ယူမှုဖွယ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အစိုးရ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း)၏ ပင်မဆောင် ဖွင့်ပွဲအခမ်းအနားသည် ကချင်ပြည်နယ်အတွက် ဂုဏ်ယူဖွယ် အခမ်းအနားတစ်ခုပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် ဤစက်မှုလက်မှုသိပ္ပံပေါ်ထွက်လာခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများကလည်း နိုင်ငံတော်၏ ပညာရေး မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးမောင်မောင်သန့်က အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန့်ရွှေက အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) တည်ဆောက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စက်မှု အတတ်ပညာ၊ ကွန်ပျူတာနည်းပညာများကို မိမိဒေသ၌ပင် လွယ်လင့်တကူ သင်ယူ တတ်မြောက်ရေးအတွက် ဒေသအသီးသီး၌ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများ ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းနှင့် နည်းပညာသင်တန်း ပထမနှစ် ကျောင်းသူ မဇင်မာဦးက မိုးညှင်းမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ ပေါ်ထွန်းလာသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ကိုယ်စား ဝမ်းမြောက် ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန့်ရွှေက

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့် လူမှုဝန်ထမ်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဘိုးသန်းနှင့် တာဝန်ရှိသူများလိုက်ပါ လျက် ဖေဖော်ဝါရီ ၈ ရက်က နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိရာ ပြည်နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ဒုတိယဝန်ကြီးအား ပြည်နယ် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်မြင့်က မီးသတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေအများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးအရာရှိ ဦးလှဌေးက ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြစ်ကြီးနား မူလတန်းကြိုကျောင်းမှ ကျောင်းအုပ် ဒေါ်ကြူကြူခိုင်က မူလတန်းကြိုပညာရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့သွားရောက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တွေ့ဆုံပြီး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြစ်ကြီးနားအိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ မြစ်ကြီးနားဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းနှင့် ပြည်လုံးချမ်းသာ ပရဟိတဂေဟာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက်တွင် မြစ်ကြီးနားမူးယစ်ဆေးစွဲရောဂါကုဆေးရုံ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန သိုလှောင်ရုံနှင့် မြစ်ကြီးနား မျက်မမြင်ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာစကားပြော သင်တန်းများဖွင့်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

Q.E.L.C Language Centre မှ ဘွဲ့ရ၊ဘွဲ့ကြိုအထက်တန်းကျောင်းသားများအတွက် အင်္ဂလိပ်စာ တိုးတက်ရန် ရည်ရွယ်၍ English Proficiency Courses ,International Exams နှင့် English Skills Foundation (ESF) ဟူ၍ အပိုင်းခွဲပြီး အင်္ဂလိပ်စာသင်တန်းကိုတစ်တန်းလျှင် ၁၅ဦးသာ ကန့်သတ်၍ သင်ကြားပေးမည် ဖြစ်သည်။ အတန်းအားလုံးကို တစ်နှစ်ပတ်လုံး တက်ရောက်နိုင်သော Whole-year Teaching Centre Student (WTCS)ကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဆရာဦးမောင်မောင်သိန်း B.A (English, Diploma in ELT, Cambridge Certificate in ELT (Q.E.L.C) အမှတ် ၁၅၆၊ လေးထပ် 4 D၊ အနော်ရထာလမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြား ဖုန်း-၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ဝ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်းလှောင်ခုံမှတ်တမ်း
၇း၃၀	၅။ မြန်မာ့သံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေးအတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဆရာတော်ဦးဃောသိတဓာရာဆာတော် "သဏ္ဍာန်သုတ်"
၉း၀၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၀	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ သာယာသီကြွေးသစ်ဆန်းတေး
၄း၃၀	၅။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Industrial Organization Psychology
၅း၀၀	၆။ အဆေးကမ္ဘာတွေအစုရာ
၆း၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၈။ နိုင်ငံတကာသတင်း
၆း၂၀	၉။ မိုးလေဝသသတင်း
၆း၂၅	၁၀။ မြန်မာ့ရွှေဂီ
၆း၄၀	၁၁။ လျှင်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ရေးချစ်ခွင့်" အပိုင်း(၈)
၈း၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေခင်းသစီ" အပိုင်း (၂၈)
	၁၈။ သင့်အတွက်နေ့ကိတ်မြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းတံတားများ ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ဖြနာရီခွဲတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းနယ်စပ်သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

တောင်သူလယ်သမားဆေးရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ မြန်မာနံ့သာယူ ကုမ္ပဏီက တည်ထောင်ထားသည့် မြန်မာနံ့သာယူ တောင်သူ လယ်သမားဆေးရုံသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းအောင်နှင့် တာဝန်ခံ ဆရာဝန် ဒေါက်တာလှကြိုင်တို့က ဆေးရုံနှင့်စပ်လျဉ်း၍ လူနာများအား လက်ခံကုသနိုင်မှု၊ လက်ရှိ ၂၅–ခုတင်ဆံ့မှ တိုးချဲ့၍ ၁၀–ခုတင်ဆံ့လူနာဆောင် တိုးချဲ့တည်ဆောက်မှု တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆေးရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် လူနာများအား လှည့်လည် ကြည့်ရှု အားပေးစကားပြောကြားပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် တိုးချဲ့ဆောက်လုပ်လျက်ရှိသည့် ၁၀–ခုတင်ဆံ့ လူနာဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ် သည်များကို မှာကြားပြီး ဆက်လက်ထွက်ခွာလာကြရာ ညောင်တုန်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ရတနာဧရာ ခန်းမသို့ ရောက်ရှိကြသည်။

လယ်ယာမြေဖော်ထုတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း မန်နေဂျာဦးလှမျိုးက ညောင်တုန်းကျွန်း၌ လယ်ယာမြေဖော်ထုတ်မှုနှင့် စပါး စိုက်ပျိုးမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ညောင်တုန်းမြို့နယ်အနေဖြင့် နွေစပါးဧက ၅၆၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၃၁၈၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လယ်သမားကြီး ဦးဆွေဦး၏ လယ် ၉၅ ဧကတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မနောသုခ နွေစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို မှာကြားသည်။

ဘက်စုံမွေးမြူရေး

ထိုမှတစ်ဆင့် ဆက်လက် ထွက်ခွာလာကြရာ ဆားမလောက်ကျေးရွာရှိ အာရှသား အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ရေချိုပုစွန်၊ ငါးနှင့် ဘက်စုံမွေးမြူရေး စခန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စခန်းမန်နေဂျာ ဦးစောမြတ်မင်းက ဆားမလောက်ကျေးရွာတွင် ၂၇၄ ဧက၌ မွေးမြူရေးကန် များ တူးဖော်ပြီး ရေချိုပုစွန်နှင့် ငါးမွေးမြူမှု၊ ညောင်တုန်း မြို့နယ် စံကင်းကျွန်း၌ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ရေချို ပုစွန်ကန် ဧက ၆၀၀ တူးဖော်ပြီးစီးမှုနှင့် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ရေချိုပုစွန်ကန် ဧက ၂၀၉၀ ဆက်လက်တူးဖော် မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

မအူပင်တံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်တံတားသို့ ရောက်ရှိကြရာ မအူပင် ခရိုင် အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက တံတားကြံ့ခိုင်မှု၊ ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဧရာဝတီတိုင်း ညောင်တုန်း ကျွန်းတွင် နွေစပါးစိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မအူပင်တံတားကိုလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်–ကျိုက်လတ်လမ်းပိုင်းရှိ မိုးဟိန်း ကုမ္ပဏီ၏ လမ်းဖောက်လုပ်ရေးစခန်း ယာယီရှင်းလင်း ဆောင်သို့ ရောက်ရှိကြပြီး CON-AID ဓာတ်ဆားရည်ဖြင့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စံပြစပါးစိုက်ခင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့နယ် သာယာဝကျေးရွာ အုပ်စု ပင်လယ်တိမ်ကွင်းရှိ လယ်သမားကြီး ဦးသန်းဝင်း၏ တစ်နွေနှစ်သီး စံပြစပါးစိုက်ခင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စံပြစပါးစိုက်ခင်း၌ နွေစပါးထွန်ယက် စိုက်ပျိုးနေမှုကိုကြည့်ရှု စစ်ဆေးသည်။

ကျိုက်လတ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် ၁၂၃၈၈၂ ဧကလျာထားသတ်မှတ်ထားရာ ၁၁၅၃၉၃ ဧကစိုက်ပျိုးပြီး ဖြစ်၍ လျာထားချက်၏ ၉၃ ဒသမ ၁၅ ရာခိုင်နှုန်း ပြီးစီးပြီး ရာသီကုန်တွင် ယမန်နှစ်ကထက် ဧကနှစ်သောင်း ပိုမိုစိုက်ပျိုး နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ် ကျေးရွာ အုပ်စု ဧက ၄၀၀ စပါး စံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး လယ်သမားကြီး ဦးမြင့်သိန်း၏ နွေစပါး ဧက ၄၀ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒေသခံလယ်သမား ကြီးများနှင့် တွေ့ဆုံပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း က ဆန်စပါးကို တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာ ကြရာ ဖျာပုံခရိုင် ကျိုက်လတ်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ရွှေဝါလတ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရေးဦးစွာ ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က မြို့နယ်၏ ပထဝီအနေအထား၊ စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုးတက်ရန်လို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် မိမိတို့ မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းလာ စေရန်အတွက် နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေ စိုးမိုးမှုရှိရန်လိုအပ်ကြောင်း၊ ဒုတိယအနေဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ခိုင်မာတောင့်တင်းမှုရှိရန်လိုအပ် ကြောင်း၊ တတိယအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် အေးချမ်းတည်ငြိမ်မှုရရှိပြီး တရား ဥပဒေစိုးမိုးရေး ရှိနေပြီဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံချက်များချမှတ်၍ ပညာတတ်များတိုးပွားများပြားပြီး နိုင်ငံ့အကျိုးဆောင်ရွက် နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်အတွက်လည်း အခြေခံဖြစ်သည့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရန် အစီအမံ များ ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံတော်၏စီးပွား ရေးကို ဖန်တီးပေးနေသော အဓိကကျသည့် တိုင်းကြီး ခြောက်တိုင်းတွင် ပါဝင်ကြောင်း၊ ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၃–၂၀၀၄ခုနှစ်တွင် အဓိကသီးနှံ ၁၀မျိုးအနက် မိုးစပါး ကို သတ်မှတ်ချက်စိုက်ဧက ၃၄ သိန်းကျော် စိုက်ပျိုးဆောင် ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ အလားတူနွေစပါးကိုလည်း စိုက်ဧက ၁၆ သိန်းကျော် စိုက်ပျိုးရန် လျာထားရာ လျာထား ချက်ပြည့်မီအောင် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ကျိုက်လတ် မြို့နယ်သည် ဧရာဝတီတိုင်းအတွင်း ပါဝင်သည့်မြို့နယ် ဖြစ်ရာ သတ်မှတ်ပေးထားသည့် စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်းရန်လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိဒေသ၊ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ကြရန်လိုကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကျိုက်လတ်မြို့နယ် ဂုံညင်းတန်းတံတားသို့ ရောက်ရှိ ကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဖျာပုံခရိုင် အင်ဂျင်နီယာမှူး ဦးစိုးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်တို့က ဂုံညင်းတန်းတံတား ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

နွေစပါးစိုက်ပျိုးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်း ကျေးရွာ အုပ်စု ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဖျာပုံ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက နွေစပါးစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းက ကြက်ဖမွေးဖောင်းကျွန်းတွင် စပါးစိုက်ပျိုး နိုင်ရေးအတွက် ရေငန်တားဆီးကာကွယ်ရေးနှင့် ရေချို ပို့လွှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဖျာပုံမြို့နယ်၌ ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါးစိုက် ဧက ၈၆၀၀၀ကျော် စိုက်ပျိုးရန် လျာထားရာ ၆၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီး ရာသီကုန်တွင် ယခင်နှစ်ကထက် စိုက်ဧက ၆၁၀၀ ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဖျာပုံတံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ဖျာပုံတံတား တည်ဆောက်ရေး စီမံကိန်း ဒေးဒရဲဘက်ကမ်းရှိ ပင်မတံတားတိုင် အမှတ် P 5 အာရ်စီဒီ ဘိုးပိုင်ကွန်ကရစ် သွန်းလောင်းနေမှုကို စစ်ဆေးကြည့်ရှုပြီး ဖျာပုံဘက်ကမ်းရှိ ပင်မတံတားတိုင် အမှတ် P2 အာရ်စီဒီဘိုးပိုင်စိုက်ထူရေးအတွက် ကြိုတင် ပြင်ဆင် ဆောင်ရွက်နေသည်များကို ဇက်ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စုရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့ဝင်စံပြကွက် ဧက ၄၀၀ လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဘိုကလေးမြို့နယ် အနေဖြင့် မိုးစပါး ၂၈၀၂၃၈ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၂၈၅၄၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက်ဧက ၅၀၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုး နိုင်ခဲ့သည်။ နွေစပါးအနေဖြင့် ဧက ၁၁၆၃၈၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ၉၉၈၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘိုကလေးမြို့အဝင်ရှိ ဖိုးရွှေလုံးတံတား တည်ဆောက်နေမှုကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဂုဏ်ပြု ညစာစားပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၃–၂၀၀၄ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ပါဝင်ခဲ့ကြသော သမီးငယ်၊ သားငယ်များအား ကာယ၊ ဉာဏ ပါဝင်ကူညီခဲ့ကြသည့်ပုဂ္ဂိုလ်များအား ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးသိမ်းက ဂုဏ်ပြုဧည့်ခံ ညစာစားပွဲကို ဖေဖော်ဝါရီ ၁၃ရက်က အမက (၂) ကမာရွတ်ကျောင်း ရင်ပြင်၌ ကျင်းပသည်။

ယင်းပွဲသို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော် များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဂုဏ်ပြုစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာကြီး ဦးမြငွေက ဆက်လက်၍ အမှာစကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပျော်ရွှင်စွာ တည်ခင်းဂုဏ်ပြုဆင်နွှဲကြောင်း သိရသည်။

(က–ပ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်းနေ
ဗိုလ်မှူးကြီးလှိုင်ထွန်း(ငြိမ်း)–ဒေါ်ညိုညို
တို့၏သားငယ်

စိုင်းမြတ်ညိုလှိုင် B.Sc (Maths)

နှင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးနေ
ဦးမောင်မောင် (Lecturer St John University Bangkok) – ဒေါ်ဌေးဌေးရီ
(မန်နေဂျာ၊ ငြိမ်း၊သမ)တို့၏
တစ်ဦးတည်းသောသမီး

မနှင်းဝတ်ရည်(ခ)မီးမီး B.Sc(Zoology), Q

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၂၇–၁–၂၀၀၄ရက်နေ့တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်းနှင့် ၆–၂–၂၀၀၄ရက်နေ့ Panda Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲနှင့် ၁၄–၂–၂၀၀၄ရက်နေ့ အောင်ပန်းမြို့၊ အောင်ပန်းခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားများသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ ကြွရောက်ချီးမြှင့်ပေးကြသော ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စိုင်းမြတ်ညိုလှိုင်–မနှင်းဝတ်ရည်(ခ)မီးမီး။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၁၇၇)နေ
ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)–ဒေါ်ညွန့်အေး (Yaung Ni Tun Copier Showroom)
တို့၏သား၊

ဗိုလ်ကြီးညီညီထွန်း B.Sc.(D.S.A)
တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝရတ်ရိပ်သာ၊ တိုက်(၁၀၁)၊ အခန်း(၄)နေ
ဗိုလ်မှူးမြင့်သူ ဦးစီးအရာရှိ(ဒုတိယတန်း)၊ ကာကွယ်ရေးဝန်ကြီးဌာန–ဒေါ်သန်းသန်းနုတို့၏သမီး

မခိုင်သွဲ့သွဲ့သူ B.A (Business Management)
IDCS (NCC, UK), DA (LCCI),CAT (UK)
Assistant Accountant (Myanmar Shopping Mall)

တို့၏ ၆–၂–၂၀၀၄(သောကြာနေ့)တွင် ကန်တော်မင်္ဂလာပန်းခြံ(ရှမ်းကန်)၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးချီးမြှင့်ပေးသော ဒုတိယတရားသူကြီးချုပ် ဗိုလ်ချုပ်သိန်းစိုး၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်မှူးညွန့်ဖေနှင့်ဇနီး ဒေါ်ခင်သန်းဆွေ၊ မင်းကွန်းတိပိဋကကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၄–၂–၂၀၀၄(စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ် မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန၊ စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီး ဒေါ်အေးမိခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ဇရာဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိမ်းနှင့် ဇနီး ဒေါ်ခင်သီတာဦး၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ မင်္ဂလာညှော်ပရိသတ်များ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးညီညီထွန်း–မခိုင်သွဲ့သွဲ့သူ။

အောင်မြင်လို့သူတိုင်းရှေ့ရေးရာ

THAMES

Management Centre

WM : Bar 25.2.04

Diploma in Business Administration

THAMES

No 220, Botahtaung Pagoda Rd, Ygn.Tel: 203188, 202343, 296829

(၂၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးကြီးဇော်မင်း** နှင့် ချစ်မေမေ **ဒေါ်ညွန့်ညွန့်ဝေ** (အထက်တန်းပြ)တို့၏ ၁၅–၂–၂၀၀၄နေ့တွင် ကျရောက်သော (၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာယာသော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သားကြီး – ဗိုလ်လောင်းဖြိုးဝေဇော် (နောက်ဆုံးနှစ်၊ စစ်တက္ကသိုလ်)
သမီးလတ် – မနှင်းဝေဇော် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)
သားငယ် – မောင်အောင်မင်းဝေဇော် (အလက–၁၂၊ အင်းစိန်)

ကိုညီနှင့် မကြီး

မင်္ဂလာဦးမှသည် သက်ဆုံးတိုင် သာယာမှုအပေါင်း ထာဝရပိုင်ဆိုင်ပါစေ။

ကိုကြီး စိုးထက်–မမအိပန်
ကျော်ထက်၊ ချစ်သဲ၊ သဇင်၊ ကိုရဲ၊ ဖူးဖူး။

ဝန်ထမ်းအလိုရှိသည်

၁။ ဈေးဝယ်
၂။ စာရင်းကိုင် (မ)(၁)ဦး
၃။ ဆံပင်ညှပ်၊ ကောက်၊ ဖြောင့် ကျွမ်းကျင်သူ (မ)(၂)ဦး

ဆက်သွယ်ရန်

ဖုန်း –

အီလက်ထရွန်းနစ်စက်ပြင်သင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အောင်အီလက်ထရွန်းနစ်သင်တန်းမှ စိတ်ဝင်စားသော လူငယ်များအတွက် အထူးသီးသန့်ဖွင့်လှစ်သော ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗီစီဒီ၊ ဒီဗီဒီနှင့် ဂြိုဟ်တုစလောင်းတပ်ဆင်ခြင်း၊ ပြုပြင်ခြင်းကို အဓိကထား၍ ဆရာဦးအောင်ခိုင်က တစ်ဦးချင်း အနီးကပ်သင်တန်းကို နေ့/ညပို့ချလျက်ရှိသည်။ စိတ်ဝင်စားသူများသည် အမှတ်(၄၄) ကျောက်မြောင်းလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ် ရန်ကုန် ဖုန်း–၅၄၀၁၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပစ္စက္ခ SSS ပဲဆီသန့်နှင့် နှမ်းဆီမွှေး

အရောအနှောလုံးဝမပါ ၁၀၀%၊ ပဲဆီ သန့်နှင့် နှမ်းဆီမွှေးကိုမှ သုံးစွဲလိုသောအိမ်ရှင်မများအတွက် ငါးပိဿာနှင့်အထက်ဝယ်ယူပါက အိမ်အရောက် ပို့ဆောင်ပေးနေပါပြီ။

Ph-No 544733 , 095019361

Y.E.S. LANGUAGE CENTRE

ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAR-15

Basic Spoken English	FEB-16,23,28
P.I.E & I.E	FEB-23
Grammar Foundation Course	FEB-16

SAT (I), SAT (II), AWC, VEC, TOEFL, IELTS

No.119, Y.W.C.A Building , Bogalayzay Street, Botataung TSP,
စုံစမ်းရန်ဖုန်း - 245821



KMD COMPUTER CENTRE

i~Office သင်တန်း

ရုံးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများအတွက် အဓိကကျသောစာရင်းဇယားများ ပြုလုပ်ခြင်း/ စီမံခန့်ခွဲခြင်း၊ စာစီစာရိုက်ခြင်းများအတွက် လက်တွေ့ကျကျ သင်ကြားမည်။ အင်တာနက်၊ အီးမေး(လ်) အသုံးပြုနည်းကို Digital Camera, Scanner, USB Drive, CD Writer တို့ဖြင့် ပေါင်းစပ်သင်ကြားပေးရုံသာမက အင်တာနက် အခမဲ့ သုံးစွဲခွင့်များကိုပါရရှိမည်။

Syllabus

- Using Email & Internet
- Window Operating System
- Adobe PageMaker 7
- Microsoft Excel 2003
- Microsoft PowerPoint 2003
- Microsoft Word 2003

KMD - Centre II

၅၅-၅၉၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၄၉၂၆၇၊ ၂၄၉၂၆၅၊ ၂၄၉၀၅၅၊ ၁၂၄၄၀၀၊ ၇၀၀၈၉၅၊ ၇၇၁၈၅၅

အမည်ပြောင်းခြင်း

ဦးတင့်နိုင်၏သားမင်္ဂလာတောင်ညွန့်၊ အထက(၇)၊နဝမတန်း(A)မှမောင်ဟိန်းမင်းဦးအား မောင်ဇော်လင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇော်လင်းနိုင်။

အမည်ပြောင်းခြင်း

ဦးအုန်းသန်း၏သား အထက(၁) ဖျာပုံ၊ ဒသမတန်း(D)မှ မောင်ပိုင်ကျော်ကျော်၏ အမည်မှန်မှာ မောင်ကျော်ကျော်ဖြစ်ပါသည်။

တေးသံရှင်ပေါင်းစုံ သီဆိုထားပြီး
မူရင်းဆင်ဆာခွင့်ပြုချက် အပြည့်အစုံပါရှိသည့်
ဗူးခွံမပါသော **VCD** ကာရာအိုကေ တေးသီချင်းများကို
တစ်ချပ်လျှင် လက်ကားဈေးနှုန်း **600/-** ဖြင့် ရောင်းချပေးနေပါပြီ

ဖြန့်ချိရေး

ရန်ကုန် ထင်ရှူးမိုး ဗီဒီယိုထုတ်လုပ်ရေး၊ ၅၀၅၊ မဟာဗန္ဓုလလမ်း၊ ဖုန်း - ၃၇၇၉၃၉
မန္တလေး ထင်ရှူးမိုးတေးသံသွင်း၊ ၁၁၉၊ ဈေးချို မန္တလေးမြို့။

ဈေး ရောင်း ပွဲ ကာ လ တွင် ကိုယ် ပိုင် ပွဲ ရုံ တည် ထောင် လို သူ များ ဘာ တွက် ဘာ ရှုး ဘာ ဖွင့် ဘာ ရေး

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အအုံ နှင့်မြေကွက်များ

မြို့တော်အိမ်ရာစီမံကိန်းကော်မတီ၏လမ်းညွှန်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်
တက်လမ်း/ရွှေကြီးနှင့်ဆောက်လုပ်ရေးကုမ္ပဏီမှ
ဝယ်ယူသူများ၏ တောင်းဆိုချက်အရ ဈေးရောင်းကာလကို
၀၇-၀၂-၀၄ မှ ၀၇-၀၃-၀၄ အထိထပ်မံတိုးမြှင့်၍ ရောင်းချပေးနေပါပြီ။

၁။ ခေတ်မီ အပြည့်အစုံဆောက်လုပ်ပြီးသည့်အဆင့်အထိ ပွဲရုံများ။
၂။ လုံးချင်းပွဲရုံ ဆောက်လုပ်ရန် မြေကွက်များ။
၃။ ဝယ်ယူသူအနည်းငြိမ်ဖြင့် အနှစ်(၆၀) မြေငှားရန်အမည်ပေါက်စရိတ်ကြိုတင်ထုတ်ပေးမည်။
၄။ ကားအဝင်အထွက်လွယ်ကူစေရန် ကားလမ်းများအသစ်ဖောက်လုပ်ပေးထားသည်။
၅။ ပွဲရုံဝယ်အကျယ်ပေ(၁၀၀) အကျယ်ရှိသည်။
၆။ ကုမ္ပဏီဘက်မှ အမြဲတမ်းကင်းစောင့်ထားပေးမည်။
၇။ လျှပ်စစ်မီးကြိုးများသွယ်တန်းပေးခြင်း၊ ထရန်စဖော်မာ ကိုယ်ပိုင်မီတာတစ်လုံးစီ တပ်ဆင်ပေးမည်။
၈။ လုံခြုံရေးကောင်းမွန်၍ ဘတ်အနီးတွင်တည်ရှိသည်။
၉။ Sanitary စီစဉ်ရန်

" အနယ်နယ် အရပ်ရပ်မှ စီးပွားရေးကုန်သည်များ၏ တစ်ခဲနက်ဝယ်ယူအားပေးခြင်းအပေါ် တိုက်ရိုက်ရွာ ကျေးဇူးတင်ပါသည်။"

တက်လမ်း/ရွှေကြီးနှင့်
ဆောက်လုပ်ရေးကုမ္ပဏီ

ရောင်းချမည့်အဆောက်အအုံ ပါရှိမှုနှင့် မြေကွက်အကျယ်အဝန်း

၃-ထပ်ပွဲရုံနှင့်မြေကွက်	၂၁' x ၅၅'
	၂၅' x ၆၀'
ပွဲရုံတစ်ခု	၅၀' x ၅၅'
	၅၀' x ၆၀'
ပွဲရုံကြီး	၈၀' x ၁၂၅'



"ရင်း နှီး မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"

ဆက်သွယ်ရန်လိပ်စာ ။ ဘုရင့်နောင်လမ်းမကြီး (မိုးကြိုးရှောင်တက်လမ်းနှင့်ဂိုဒေါင်(၁)လမ်းထောင့်)ဆက်သွယ်ရန်ဖုန်း - ၇၀၃၁၀၅၊ ၇၀၇၇၁၁၊ ၀၉-၅၁၀-၂၁၁၆
ဆက်သွယ်ရန် ။ အမှတ်(၆၁) မြေညီထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ဆက်သွယ်ရန်ဖုန်း - ၂၂၆၅၁၀၊ ၂၁၀၀၆၂

ဆော်လမွန်မြန်မာကုမ္ပဏီမှတည်ဆောက်သော မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်ရှိ
နိုင်ငံတကာအဆင့်မီ မဟာဗန္ဓုလအဆင့်မြင့်အိမ်ရာ **(MAHABANDOOLA COMPLEX)**

ခက်ထပ်ဘာသာ(၃)မျက်နှာ နေ့တွင်အခန်းအပ်နှံမည်။

- **အခန်းအကျယ်** 1525 sq.ft
- **အခန်းဖွဲ့စည်းပုံ** ဧည့်ခန်း Master BedRoom (၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ(ဒိုင်ဝိုင်)အပါအဝင်
- **ဓါတ်လှေကား** ကိုယ်ပိုင်မီတာ
- **ရေ** Central ရေစနစ်
- **ပွဲရုံဆိုင်ခန်းများ** Shopping Mall, Supermarket, Minimarket, စားသောက်ဆိုင်
  ကားပေအလုံအလောက်ထားရှိနိုင်သော ကားပါကင်(၅)ထပ်၊ မြေအောက်ကားရပ်နားရန်နေရာ
  ကိုယ်ပိုင်မီးစက်၊ မြို့ပြမီးစက်၊ အရန်ရေ၊ မြေအောက်ရေကန်
- **တည်နေရာ** မဟာဗန္ဓုလလမ်းဘေးထိပ်(ရန်ကုန်မြို့လယ်) ဈေးဝယ်လွယ်ကူသောနေရာ
- **ငွေချေစနစ် ပေးချေမှု** အရစ်ကျ ငွေပေးချေမှု
- **အိမ်ရာစီမံခန့်ခွဲမှု** ကုမ္ပဏီမှ အိမ်ရာဝင်းနှင့်ဆိုင်ရာစနစ်တကျ ဆောင်ရွက်ထားမည်။ အမြတ်ငွေ ၅% အတွက် ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ပေးမည်။

သင်နှင့် သင့်မိသားစုနေထိုင်ရေး
အနှောင့်အယှက်ကင်း ချမ်းမြေ့ရာ

မဟာဗန္ဓုလအဆင့်မြင့်အိမ်ရာ

New Year Special Prize
20% Discount

အရောင်းဌာန SALOMON MYANMAR CO.,LTD.
SALOMON BUSINESS CENTRE (S.B.C)
အမှတ် (224/A), 7th Floor, ဦးဝိစာရလမ်း(ဆော်လမွန်စီးပွားရေးစင်တာ) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 535611, 536333. Ext - 804, 805.

Mahabandoola Shopping တွင် အရောင်းဆိုင်ခန်းများအား အထူးသင့်လျော်သော ဈေးနှုန်းဖြင့် ရောင်းချ/ငှားရမ်းပေးနေပါပြီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြင်းခြံမြို့နေ ဦးဘိုရှိန်း-(ဒေါ်ဖြား)(ဆေးကုန်သည်)၊ ဒေါ်ကြည်ကြည် (အထည်ကုန်သည်)တို့၏မြေး၊
မြင်းခြံမြို့နေ ဦးငွေဝင်း-ဒေါ်နွယ်နီဦး(မြေလတ်ဂုဏ်အဆင့်မြင့်ရုပ်ရှင်ရုံနှင့် လုပ်ငန်းစုပိုင်ရှင်) တို့၏တစ်ဦးတည်းသောသား

မောင်နိုင်နွယ်ဝင်း D.B.M.S (U.K)
R.S.A(U.K) General Manager,
Listhaven Catering Co., Ltd. (U.K)

နှင့်

ပြည်မြို့၊ မြန်မာ့သစ်လုပ်ငန်း၊ နဝရတ်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာဝင်း၊ မြရိပ်သာနေ ဦးခင်မောင်ဝင်း(မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်း(အနောက်)၊ ပြည်မြို့)-ဒေါ်မိမိခင် (ဌာနစိတ်မှူး၊ ငြိမ်း၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း(ရုံးချုပ်)တို့၏သမီးထွေး

မကလျာဝင်း B.Sc(Hon:)Physics
Pigman Diploma (I.T) (U.K)
A.C.C.A (Certificate Stag, U.K)
Area Manager, Listhaven Catering Co., Ltd. (U.K)

တို့သည် ၃-၂-၂၀၀၄ရက်နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ သဘောတူခွင့်ပြုချက်ဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နိုင်နွယ်ဝင်း-မကလျာဝင်း။

ရွှေရတုသဘင်ပွဲကျင်းပမည်

တနင်္သာရီတိုင်း၊ မြိတ်မြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)မြောက် ရွှေရတုသဘင်အခမ်းအနားကြီးကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအား ကြွရောက်ချီးမြှင့် ပါဝင်ဆင်နွှဲနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-
ဦးမောင်လှ - တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ (၉၁)၊ ၃ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၉၅၁၆၊ ၅၁၄၉၆၉၊ ၀၉ ၉၉ ၂၆၀၆၀။
ဦးရဲကျော်သူ - ၀၁- ၆၅၂၁၇၈၊ ၀၉ ၅၀ ၁၁၆၁၄။
ဦးသွင်စိန် - တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ မြိတ်မြို့။ ဖုန်း-၀၅၉ ၄၁၅၈၆၊ ၄၁၄၂၅။
ဦးမောင်ထွေး-OK ဆန်ဆိုင်၊ နောက်လယ်ရပ်၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၁၁၁၄။
ဒေါ်သီတာဖြူ-ကျောင်းအုပ်ဆရာမကြီး၊ အလက(၂) မြိတ်မြို့။
ဦးဝင်းမြတ် -ဖုန်း-၀၅၉-၄၁၈၆၂။
ဒေါ်သိန်းသိန်းငွေ-ကျောင်းအုပ်ဆရာမကြီး၊ အထက(၂)မြိတ်မြို့။ ဖုန်း-၀၅၉-၄၁၇၈၈။

ရွှေရတုသဘင်ကျင်းပရေးကော်မတီ။

အမည်ပြောင်းခြင်း

အဘ ဦးမောင်ရေး၏သမီး မမြင့်မြင့်စိန် [၁၂/လမန(နိုင်)၁၃၁၆၉၇] အား မမျိုးပပခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမျိုးပပခိုင်။**

အမည်ပြောင်းခြင်း

အဘ ဦးစိုင်းမြင့်စိုးတာ၏သမီး အလက(၅)၊ အဋ္ဌမတန်း၊ လားရှိုးမြို့မှ မစိုးမြတ်သူဇာဦး(ခ)နန်းစွမ်မိန်းအား မနန်းစုမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းစုမြတ်။

ဖခင်အမည်မှန်

အထက(၁)သဃ်န်းကျွန်း အဋ္ဌမတန်း(စီ)မှ မောင်နေလင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင် (TRA-၁၂၆၃၀၆)ဖြစ်ပါကြောင်း။ **ဦးကျော်အောင် (TRA-၁၂၆၃၀၆)။**

အမည်ပြောင်း

အဘ ဦးကျော်မင်းဦး၏သား အထက(၁)ဟဲဟိုး၊ သတ္တမတန်း(ဂ)မှ မောင်လွင်မိုးကျော်အား မောင်ဝေမိုးကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေမိုးကျော်။**

အမြန်ပြန်လာပါ

ဦးမြင့်သိန်း(၅၀)နှစ်

အားလုံးကစိတ်ပူနေသည်။ရောက်ရာအရပ်က အမြန်ပြန်လာပါ။ တွေ့ရှိက အကြောင်းကြားပေးပါ။ကျေးဇူးဆပ်ပါမည်။

ဖုန်း-၂၉၃၆၅၅၊ ၀၉-၅၀၀-၆၁၈၀

မွေးနေ့မင်္ဂလာဆုတောင်း

၁၅-၂-၂၀၀၄ရက်နေ့တွင် ကျရောက်သော ချစ်သားလေး မောင်သန့်ဦးလွင် (ခ) ဖိုးသားလေး၏ (၂)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းများစွာကို လိမ္မာယဉ်ကျေးပြီး စိတ်ချမ်းမြေ့ခြင်း၊ ကျန်းမာခြင်း၊ အောင်မြင်မှုများ အပြည့်အဝရရှိခြင်းများနှင့် ပြည့်စုံနိုင်ပါစေ-။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်
ဖေဖေ-ဗိုလ်မှူးသင်းလွင်(ငြိမ်း)[တိုင်းရောင်းဝယ်ရေးအရာရှိ၊ ကယား/ရှမ်း] မြန်မာ့ရေနံထွက်ပစ္စည်းလုပ်ငန်း
မေမေ-ဒေါ်ခင်ဆွေဝင်း (ကထိက၊ ငြိမ်း၊ မြန်မာစာဌာန) (တပ်မတော်ဆေးတက္ကသိုလ်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၅-၂-၂၀၀၄ရက်တွင် ကျရောက်သည့် ချစ်သူငယ်ချင်း **အငယ်လေး (ခ)သက်သက်ထွန်း** (ဥဿျှစ်ပင်မြို့)၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းလျက်။

သူငယ်ချင်းများ- ကိုသိုက်၊ သီဂီ၊ တိုးတိုး၊ ထိုက်ထိုက်-အေးမွန်။

● ● ● ● ● ● ● ● ●

ညီမလေး **အငယ်လေး(ခ)သက်သက်ထွန်း** ၁၅-၂-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်(၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းလျက်-။

မေမေ - **ဒေါ်ကြည်ညွန့်**
မမကြီး = **တင်တင်ချို**
မမလတ် - **ဗိုလ်ကြီးစိုးဝင်းမောင်-မသန်းသန်းဌေး**
ကိုကို = **ကိုသန်းထိုက်=မသင်းသင်းစိုး**
တူလေး - **ဝေဖြိုးဦး (စပါယ်ရှယ် စားသောက်ဆိုင်)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီး မဌေးဌေးဝင်း[၁၄/မမန(နိုင်)၁၃၈၇၄၆] သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

ဦးမောင်ဝင်း[၁၄/မမန(နိုင်)၁၄၀၀၈၁]
ဒေါ်ညွန့်ညွန့်[၁၄/မမန(နည့်)၀၀၀၀၅၇]။

YOUTH Computer Centre (Hot Line - 376418)

ကွန်ပျူတာဖြင့် တေးဂီတသံစဉ်များဖန်တီးခြင်းကို အကောင်းဆုံးသင်ကြားလိုလျှင်
Certificate in Music Production ကိုတက်ပါ။
ကွန်ပျူတာဖြင့် ရုပ်သံကျွမ်းကျင်မှုကို အကောင်းဆုံးသင်ကြားလိုလျှင်
Certificate in Multimedia Production (Video / Audio) ကိုတက်ပါ။
ကွန်ပျူတာ Network Engineer ဖြစ်လိုလျှင်
Certificate in PC & Network Engineer (ICT Level 2) ကိုတက်ပါ။

Other Courses - Windows XP, DTP & Design, C & C++, VB, Auto CAD 02, Accpac Plus,

C I - တာမွေ။	C II - ၃၉လမ်း၊ (အောက်)	C II - ယုဇနဥယျာဉ်မြို့တော်
ဖုန်း - ၇၁၀၄၅၃	ဖုန်း - ၃၇၆၄၁၈	ဖုန်း - ၅၉၃၁၀၁

၁၉၇၅-၈၀ B.A (Law) LL.Bနောက်ဆုံးအပတ်စဉ်

ဘွဲ့ရ ကျောင်းသား/ကျောင်းသူများ

ငွေရတုအထိမ်းအမှတ်အာစရိယပူဇော်ပွဲ

အာစရိယပူဇော်ပွဲအား ၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပါ၍ အောက်ပါလိပ်စာများအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ ဘဏ်ငွေလွှဲစနစ်ဖြင့် ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ ဦးသိန်းဆိုင်-သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၇၇၄၊ ၀၉ ၅၀၀ ၂၂၉၄
၂။ ဦးဝင်းမောင်သန်း-အမှတ်(၇၅)၊ ၈၃လမ်းX၈၄လမ်းကြား၊ (၄၁)လမ်း၊ မန္တလေးမြို့၊ ဖုန်း-(၀၂)၃၃၅၈၁၊ ၀၉ ၂၀၀ ၃၁၇၆
၃။ ဒေါ်မြင့်မြင့်အေး-အမှတ်(၄၀၆)၊ ဝေဇယန္တာလမ်း (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၅၆၆၈၆၄၊ ၅၇၇၂၀၁၊ ၀၉ ၅၀၁ ၄၇၄၅
၄။ ဒေါ်ဆွေဆွေ-အမှတ်(၂၆၅)၊ (၃၇)လမ်း၊ ၈၃လမ်းX၈၄လမ်းကြား၊ မန္တလေးမြို့ ဖုန်း-(၀၂)၃၆၃၉၀

ညီမလေးသိရီမျိုးညွန့်အတွက်မွေးနေ့ဆုမွန်

သိရီလေး၏ ၁၅-၂-၂၀၀၄ရက်နေ့တွင် ကျရောက်သော ဆယ့်သုံးနှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် သိရီလေးကိုချစ်သော ကိုကို၊ မမတို့နှင့်အတူ အဘိုးနှင့်အဘွား၏ အေးမြသော မေတ္တာရိပ်အောက်တွင် ထာဝစဉ် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ---။

မမကြီး-သက်ရီဝင်း: Final Year, Part II (MC-I)
ကိုကိုကြီး-ဥာဏ်ထက်ဝင်း: Final Year, Engineering University of California, Irvine, U.S.A
မမလတ်-ဇင်မာမြင့် Final Year (E-major)
မမလေး=နီလာမြင့် Final Year (B.Econ, Eco)
မမထွေး=ဆုထွေးဝင်း: 2nd Year (History)
ကိုလေး=နိုင်မျိုးထွန်း။

တစ်ဦးတည်းသောချစ်သမီးသိရီမျိုးညွန့်အတွက် မွေးနေ့ဆုမွန်

တစ်ဦးတည်းသော မေ့ချစ်သမီးလေးရဲ့ ၁၅-၂-၂၀၀၄ရက်နေ့တွင် ကျရောက်သော ဆယ့်သုံးနှစ်မြောက်မွေးနေ့မှ နှစ်ပေါင်းများစွာတိုင်အောင် သိရီလေးကိုချစ်သော မေမေနဲ့ ဟိုမေတို့ရဲ့ နွေးထွေးသော မေတ္တာရင်ခွင်၌ ထာဝရ ပျော်ရွှင်နိုင်ပါစေ---။

ချစ်မေမေ=ဒေါ်လှလှညွန့်
ဟိုမေ -ဒေါ်ရီရီညွန့်
ကြီးကြီး -ဒေါ်ခင်သန်းဌေး။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် ၂/ကစံပြရပ်ကွက်၊ ခမ္မာသုခအပြင်လမ်းနေ ဦးသိန်းအောင်-ဒေါ်ခင်နီ တို့၏စတုတ္ထသား

မောင်သိန်းနိုင် A.G.T.I (Civil), B.A(Geography)

နှင့်

ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ဖက်တန်းလမ်းနေ ဦးမောင်ညွန့်-ဒေါ်ပုတို့၏သမီးဦး

မမြမြစန်း: B.NSc(Nursing)
B.A(Myanmar), Dip.Nursing

တို့သည် ၁၄-၂-၂၀၀၄ရက်နေ့တွင် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သိန်းနိုင်-မမြမြစန်း။

မွေးနေ့ဆုတောင်း

ချစ်သားထွေး **ဇော်တိုးဆွေ** ရဲ့ ၁၅-၂-၂၀၀၄နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်(၁၀၀)တိုင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ပျော်ရွှင်ကြည်နူးခြင်းအပြည့်နှင့် လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ - ဦးဆွေသန်း၊ မေမေ-ဒေါ်မြစိန်
ကိုကို - Dr.ဇော်ဦးဆွေ-Dr.ခင်လေးညီ
မမ - သက်ထားဆွေ
တူလေး=ဘိုဘို (Spring အကင်ဆိုင်မိသားစု)။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Great & Grace Co., Ltd. တွင် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ **Office Staff**	မ	(၅) ဦး
၂။ **Casher**	ကျား/မ	(၂) ဦး
၃။ **Receptionist**	မ	(၅) ဦး
၄။ **Marketing**	မ	(၁၀)ဦး
၅။ **ဆံပင်ကောက်ညှပ်ကျွမ်းကျင်**	မ	(၃) ဦး

(လုပ်သက် ၅-၁၀ နှစ်ရှိသူ ဖြစ်ရမည်)
* အမှတ်စဉ် (၁)(၂)(၃)(၄)အတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
* အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးပြေပြစ်သူကို ဦးစားပေးမည်။

စိတ်ဝင်စားသူများ ဓာတ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင် အပြည့်အစုံဖြင့် လူကိုယ်တိုင် တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။

အမှတ် (၁၆၀)၊ MGM Hotel 3rd floor၊ ဝန်းတန်းလမ်း၊ လမ်းမတော်မြို့နယ်။ ရန်ကုန်မြို့။

ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင်စေတီတော်ကြီးကို ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်လျက်ရှိရာ ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလအကုန် တပေါင်းလဆန်းတွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မှု ပြီးစီးတော့မည်ဖြစ်ပါသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်မှု ပြီးစီးအောင်မြင်ရန် ရက်ပိုင်းမျှသာ လိုပါတော့သည်။ ကြုံတောင့်ကြုံခဲ အခါသမယတွင် ရွှေသင်္ကန်းမလှူရသေးသော သူတော်စင်များ အချိန်မီ၊ အခါမီ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ထပ်မံနှိုးဆော်ပန်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်
ဂေါပကအဖွဲ့(ဖုန်း) ၂၉၂၁၆၉
ရုံးအဖွဲ့မှူး (ဖုန်း) ၂၀၁၇၆၄။

ဟဿာတအသင်း

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

၁။ ဟဿာတအသင်းနှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းသူ၊ အသင်းသားများ အသင်းမဝင်ရသေးသော ဟဿာတသူ၊ ဟဿာတသားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် (၀၈:၃၀)နာရီ
ကျင်းပမည့်နေရာ - အသင်းတိုက် အမှတ်(၁၈၄၊ ၁၈၆)၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၀၁၁၁၄။

၂။ အသက်(၈၀)နှင့်အထက်ရှိသော အသင်းသား၊ အသင်းသူများသည် အသက်အတွက် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော သားသမီးများသည် သက်ဆိုင်ရာအထောက်အထားများဖြင့်လည်းကောင်း၊ ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်ရှိန် ဖုန်း-၂၂၀၇၈၄၊ ဦးသန်းဦးဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀များသို့ ၁၈-၂-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်အပ်ပါသည်။

(ဦးစိုးမြင့်+ဒေါ်ခင်ဝင်းမြင့်နှင့် သားမောင်သီဟစိုးမြင့်၊ မောင်ငြိမ်းချမ်းစိုးမြင့် "သီဟအလှုမီနီယံနှင့် ဆိုင်းဘုတ်လုပ်ငန်း" တာမွေတို့က နို့စိမ်းခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးအလှူဒါနပြုပါမည်။)

အမှုဆောင်အဖွဲ့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊အမှတ်(၆)ရပ်ကွက်၊ ဧယျာခေမာလမ်း၊ အမှတ်(၅၀၉-A)နေ (ဦးဘိုဖြူ) (BAC၊ ငြိမ်း)-ဒေါ်တူးတို့၏ တစ်ဦးတည်းသောသား

တပ်ကြပ်ကြီး/စာရေး အောင်မိုး (တပ်မတော်၊ ရေ)
(စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန)

နှင့်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ အမှတ်(၁၁၇)၊ ပြည်လမ်းနေ ဦးတင်ထွန်း(မြေစာရင်း၊ ငြိမ်း)-ဒေါ်စန်းမြင့်(ဖက်ဖူးအောင် ဝါး-ခနီရောင်းဝယ်ရေး)(စတားအိုကေအုတ်လုပ်ငန်း)တို့၏သမီးကြီး

မမျိုးပပထွန်း B.A(History)
(ခေတ်ဆန်သူ သတို့သား၊ သတို့သမီး လက်ဝတ်ရတနာအငှားဆိုင်)

တို့သည် ၁၄-၂-၂၀၀၄ရက်နေ့တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မိုး-မမျိုးပပထွန်း။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ရွှေပြည်သာမြို့နယ် ထ/၁၆ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၂၄၄၃နေ ဦးတင်ရွှေ-ဒေါ်တင်သန်းတို့၏သား

မောင်အောင်မြင့်ဦး (Second Year His:) နှင့်

ရွှေပြည်သာမြို့နယ် ထ/၁၆ရပ်ကွက်၊အောင်ခေမာလမ်း၊ အမှတ်-၁၇၈၀နေ ဦးမြင့်သန်း-ဒေါ်ခင်မြင့်တို့၏သမီး

မခင်မိုးသူ(ခ) မိုးသူ (B.A,Eco)
မိုးမြင့်ကြယ် အပ်ချုပ်ဆိုင်

တို့သည် ၃-၂-၂၀၀၄နေ့တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြင့်ဦး-မခင်မိုးသူ။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ ဂြိုဟ်တုဆက်သွယ်ရေးဝင်း၊ တိုက်(ခ)၊ အခန်း(၅)နေ ဦးဉာဏ်လင်း (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်ဟန်စိန် တို့၏သား

ဗိုလ်ကျော်လင်းဟန် B.Sc (D.S.A)
(တပ်မတော်လေ) နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်(၁၄၈)၊ အခန်း(၂)နေ ဦးအုန်းကျော် (လ/ထ၊ အင်/ယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်သန်းညွန့်တို့၏သမီး

မနန္ဒာအောင် B.Com, Q, LCCI Level (II)
Dip in English, Y.U.F.L
(လမ်းသုတေသန)

တို့၏ ၁၁-၂-၂၀၀၄နေ့တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်အားလည်းကောင်း၊ ဗိုလ်မှူးကြီး ရဲချစ်ဖေအားလည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးတင်နိုင်ထွန်းနှင့်ဇနီး ဒေါ်ခင်စန်းအေးအားလည်းကောင်း၊ ကြွရောက် ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲ များနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကျော်လင်းဟန်-မနန္ဒာအောင်။

[illegible]

ရောင်း/ကားနှင့်လဲမည်

ဗိုလ်တထောင်ဘုရားလမ်းသွယ် 16'x60'၊ မြေညီ၊ ရေ၊ မီးစုံ၊ ပြင်ဆင်ပြီး။

ဖုန်း-၀၉၉၉၂၂၂၀၇။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစုခရမ်း(ခ) ရာမေ့စ် [၁၂/ဗတထ(နိုင်) ၀၂၃၄၇၀] အမှတ်-၁၈၂/၁၈၂ (က)၊ ၉-လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

"555" SUNFLOWER	"622" SUNFLOWER	"633" SUNFLOWER	"666" SUNFLOWER	"444" SUNFLOWER
စာချုပ်အမှတ်-၄၃/၀၄	စာချုပ်အမှတ်-၄၀/၀၄	စာချုပ်အမှတ်-၄၂/၀၄	စာချုပ်အမှတ်-၃၉/၀၄	စာချုပ်အမှတ်-၄၁/၀၄

URETHANE
စာချုပ်အမှတ်-၄၄/၀၄

URETHANE
စာချုပ်အမှတ်-၄၇/၀၄

အထက်ယှဉ်တွဲဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမှတ်အသားများဖြင့် ဆေးသုတ်စုတ်တံ Paint Brush, URETHANE သုတ်စုတ်တံအမျိုးမျိုးကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲထုတ်လုပ်နိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အသီးသီးမှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

မည်သူမဆို Paint Brush, ဆေးသုတ်စုတ်တံ URETHANEသုတ်စုတ်တံ အရွယ်အစားမျိုးစုံတို့ကို ကျွန်ုပ်၏အမှုသည်မှ မှတ်ပုံတင်ပြီး၊ တံဆိပ်အမှတ်အသားများနှင့် တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အမှတ်တံဆိပ်၏ စာသားများကို အခြားတစ်နည်းနည်းဖြင့် အပြောင်းအလဲပြုလုပ်၍ဖြစ်စေ သုံးစွဲခွင့်မရှိကြောင်း သတိပေးကြေညာအပ်ပါသည်။

ဤသတိပေးတားမြစ်ချက်ကို မလိုက်နာပျက်ကွက်သူများနှင့် အတုအပပြုလုပ်သူတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ အတုအပပြုလုပ်သူများနှင့် ပစ္စည်းများကို လက်ဝယ်ထားရှိသူတို့အား ဖော်ထုတ်သတင်းပေးသူကို ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်ပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်ထွန်း(Johnian)
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၁၇၃)
မြဝတီဘဏ်အကျိုးဆောင်
အမှတ်-၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

MK CO., LTD.

(ပြည်တွင်းရှိသာခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် **Excel Treasure Tower** တွင် တာဝန်ထမ်းဆောင်ရန်အတွက် ကျန်းမာရေး ကောင်းမွန်၍ အကျင့်စာရိတ္တ ကောင်းမွန်သော အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

(၁)	အင်ဂျင်နီယာ	(အမျိုးသား)	-	(၂)	ဦး
(၂)	လုံခြုံရေးဝန်ထမ်း	(အမျိုးသား)	-	(၁၀)	ဦး
	လုံခြုံရေးဝန်ထမ်း	(အမျိုးသမီး)	-	(၄)	ဦး
(၃)	**Cashier**	(အမျိုးသမီး)	-	(၇)	ဦး
(၄)	အရောင်းဝန်ထမ်း	(အမျိုးသမီး)	-	(၃၅)	ဦး
(၅)	**Store** တာဝန်ခံ	(အမျိုးသမီး)	-	(၄)	ဦး
(၆)	သန့်ရှင်းရေးဝန်ထမ်း	(အမျိုးသား)	-	(၅)	ဦး
	သန့်ရှင်းရေးဝန်ထမ်း	(အမျိုးသမီး)	-	(၅)	ဦး

- အမှတ်စဉ် (၁) အတွက် **A.G.T.I (EP)** ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။
- အမှတ်စဉ် (၂) အတွက် အနည်းဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိသူ ဖြစ်ရမည်။ အသက် (၃၀) နှစ် မှ (၄၅) နှစ်အတွင်း ဖြစ်ရမည်။
- အမှတ်စဉ် (၃) အတွက် အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်းဖြစ်၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး [illegible] ဖြစ်ရမည်။
- အမှတ်စဉ် (၄) အတွက် အသက် (၁၈) နှစ် မှ (၂၃) နှစ်အတွင်းဖြစ်၍ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- အမှတ်စဉ် (၅) အတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁) နှစ် ရှိရမည်။
- အမှတ်စဉ် (၆) အတွက် ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(Excel Treasure Tower နှင့် နီးစပ်သည့် မြို့နယ်များတွင် နေထိုင်သူများကို ဦးစားပေးပါမည်။)

အထက်ပါအရည်အချင်းများနှင့် ပြည့်စုံသော လျှောက်ထားလိုသူများသည် [illegible] (၆) လအတွင်း ရိုက်ထားသော လိုင်စင်ဓါတ်ပုံ (၂) ပုံ၊ ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက် ထောက်ခံစာတို့နှင့်အတူ (၂၂. ၂. ၂၀၀၄) နေ့နောက်ဆုံးထား၍ MK Co., Ltd. [illegible] (၁) လမ်းထောင့် (ရန်ကင်းစင်တာ) သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ လျှောက်ထားသူများသည် လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့်အချိန်ကို (၂၃. ၂. ၂၀၀၄) တွင် MK Co., Ltd. (Yankin) သို့ လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)နှင့် မြန်မာ့မီးရထား၊ စီးပွားရေးဌာနတို့အတွက် အောက်ဖော်ပြပါ ပစ္စည်း(၇)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. Electronic Total Station With Standard Accessories	- 1 Set		
2. Digital Duplicator (Copy Printer)	- 2 Units	3 Video Visualizer	- 2 Units
4. Multimedia LCD Projector	- 2 Units	5 Plain Paper Copier	- 5 Units
6. Typewriter Myanmar 24"	- 9 Units	7 လေးလုံးတွဲ ဖိုင်ဘာခုံ	- 148 Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၀-၂-၂၀၀၄ (၁၂:၀၀)
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၂၀-၂-၂၀၀၄ (၁၄:၀၀)

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၆-၂-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၄၊ ၆၁၃။

အမည်ပြောင်းခြင်း

သာကေတမြို့နယ်၊ အမက(၄၂)၊ စတုတ္ထတန်း(ဘီ)တွင် ပညာသင်ကြား နေသော ဦးကျော်ဇေယျ၏ သမီး မဝေနှင်းပွင့် ကျော်အား မအေးလဲ့ကြည်ပြာဟု ပြောင်းလဲခေါ်ပါရန်။ **မအေးလဲ့ကြည်ပြာ။**

တိုက်ခန်းရောင်းရန်

၄လွှာ၊ ပိတောက်ပင်
အထက်လမ်းထိပ်၊
ကြည့်မြင်တိုင်လမ်းမကြီး၊
ဖုန်း-၅၁၂၄၄၃၊ ၅၁၁၃၉၀။

ရှယ်(1)
Ph : 560339, 201771

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
ကြေညာချက်

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ Topa 21st Century Language School တို့ ပူးပေါင်း၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဂျပန်ဘာသာစကား (Basic Course)အထူးသင်တန်းအမှတ်စဉ် (၁၉)ကို ဖွင့်လှစ်ပါမည်။
(က)ဂျပန်နိုင်ငံ၊ တိုကျိုမြို့ Topa 21st Century Language School မှ လာရောက်ပို့ချမည်။
(ခ) အချိန်ပြည့်သင်တန်း ရက်သတ္တ(၁၀)ပတ်၊ နာရီပေါင်း ၂၀၀နာရီ
(ဂ) ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့ ဖွင့်လှစ်မည်။
(ဃ) အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်သူများ (သို့မဟုတ်)တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။
၂။ အသေးစိတ်ကို ရုံးချိန်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၁၊ လိုင်းခွဲ-၁၂၃

အောင်ဆန်း
မော်ကွန်းထိန်း။

ကားရောင်းမည်

၁။Toyota Dyna 14' ၄က/---
၂။Toyota Dyna 10' ၁ာ/---
၃။Toyota Mark II ၈/---
၄။Toyota KE.30 ၈/---

ဖုန်း-၂၄၉၀၂၉ (ရုံးချိန်)
၀၉-၅၀၀၅၈၀၂။

မြန်မာ၊ အင်္ဂလိပ်
ဓာတ်လမ်း နှင့် ကာတွန်း
ဗီစီဒီ၊ တိပ်တစ်ဆိုင်စာ
ရောင်းမည်။

ဆက်သွယ်ရန်-ဖုန်း-၂၉၈၂၂၁။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ရွှင်းသာအိမ်ရာစီမံကိန်း၊ ရွှင်းသာ တိုက်ခန်း၊ တိုက်အမှတ်(၃၃)၊ အခန်းအမှတ်(၆)၊ မြေညီထပ်တိုက်ခန်းပိုင်ဆိုင်မှု စလစ်ပြားအား လင်းလင်းအပေါင်ဆိုင် ဦးသန်းထွန်းထံ နှစ်သိန်းဖြင့် ပေါင်ထားရာ ဦးသန်းထွန်းကငင်းတွင်မရှိကြောင်း ငြင်းဆိုခဲ့သဖြင့် ၎င်းတိုက်ခန်း၏ မူလပိုင်ရှင် ဒေါ်တင်တင်အေးသာတရားဝင်ပိုင်ရှင်ဖြစ်ကြောင်း၊ ၎င်းတိုက်ခန်းစလစ်ပြား လက်ဝယ်ရှိသူမှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း
(B.A, Law, LL.B)
ဒေါ်တင်တင်အေး၏တရားရုံးချုပ်ရှေ့နေ
၁၂၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စက်မှုဇုန်များ၏ ဘတ်စ်ကားများနှင့် ကုန်တင်ထရပ်ကားများ ထုတ်လုပ်မှုတွင် အသုံးပြုရမည့် အောက်ဖော်ပြပါ မော်တော်ယာဉ်စက်ပစ္စည်းအစိတ်အပိုင်းများ (Fully Reconditioned and Brand New)ကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

အမှတ်စဉ်	**စက်ပစ္စည်းအမျိုးအမည်**	**အရေအတွက်**
(က)	For Bus	281 Sets
	-Engine with Transmission (NISSAN FE 6-185 HP/FUSO 6D 15/ HINO HO 7 C or HO 7D (Compressor Fitted)	
